# အက္ခရာ မျဉ်း

ဝံသ

ပုံနှိပ်မှတ်တမ်း
စာရေးသူ - ဝံသ
စာအုပ်နာမည် - ကျွရာ မျဉ်း
ထုတ်ဝေရေခုနှစ်
ထုတ်ဝေရေအကြိမ်
အုပ်ရေ - ၅၀၀
မျက်နှာဖုံးဒီဇိုင်း - (ကာတွန်း) ခိုင်ရိုးမ

# မာတိကာ

(က) နှင်းတောတိုး ဝံသ ပါးသို့ အရှူးစာ (ဒေါင်းရန်)
(ခ) စာဖတ်သူနန့် အနုပညာတန်ဖိုး (မောင်မိုးညို)


| | |
|---|---|
| ၁။ c/0 နာရီ | ၁၆ |
| ၂။ မြက်တပင်နဲ့ခမ္ဘအဌကထာ | ၁၈ |
| ၃။ ပြကွက် | ၂၀ |
| ၄။ ကုတ်ထည့်ဖို့လိုနီရေ နိရက်စစ်စစ်များ | ၂၁ |
| ၅။သူပြောသော သူ့အကြောင်း | ၂၃ |
| ၆။ လမ်းလျှောက်ထွက် ဂြိုဟ်သီတလုံးအကြောင်း | ၂၅ |
| ၇။ မရင့်ကျက်အပြုံးက ရင့်ကျက်အပြုံးဒိုင်ယာရီ | ၂၇ |
| ၈။ လောကသားကောင် | ၃၃ |
| ၉။ သို့!!ကဗျာ | ၃၅ |
| ၁၀။ ဖြစ်တည်မှုမှတ်စုများ ၉+၁ | ၃၈ |
| ၁၁။ ၁၁၄၆ အစ ၁၁/သီအိုရီ | ၄၇ |
| ၁၂။ သူငယ်တန်းဖတ်စာ | ၄၈ |
| ၁၃။ ကာလပေါက်စျီးနန့်ဟိုက်ဝီးလမ်းကအများဆိုင် နာမည်တလုံး | ၅၁ |
| ၁၄။ ကုထုံးများမပါသောထွက်သက် | ၅၃ |
| ၁၅။ ၂၀၁၆ အိပ်မက် | ၅၅ |
| ၁၆။ ပြဿဒါး | ၅၇ |

| | | |
|---|---|---|
| ၁၇။ | ညည့်အန်ဖတ် | ၅၈ |
| ၁၈။ | စစ် | ၆၁ |
| ၁၉။ | ရင်ဘတ်မီးတကြောင်းနှင့်လက်ကျန်ရှက်ခြောက် | ၆၃ |
| ၂၀။ | အက်ကြောင်း | ၆၅ |
| ၂၁။ | တည်ပုဒ်မှုစကားလုံးများ | ၆၆ |
| ၂၂။ | စာပီပိုး | ၆၈ |
| ၂၃။ | ဗလာဝှန်ခေါက်ရိုး | ၆၉ |
| ၂၄။ | အဖွင့်တခုသို့ နိအစွဲများ | ၇၁ |
| ၂၅။ | ကွရော မျဉ်း | ၇၃ |
| ၂၆။ | ဆုံလည် မှောက်ခုံ | ၇၆ |
| ၂၇။ | သုခမြို့တော် | ၇၈ |
| ၂၈။ | စက္ကန့်တခုပုံရိပ် | ၈၀ |
| ၂၉။ | မီးပွိုင့် | ၈၁ |
| ၃၀။ | စည်းအလွန် ကံ | ၈၃ |
| ၃၁။ | ညီမျှသော ချစ်ခြင်းသင်္ကေတ | ၈၅ |
| ၃၂။ | တလွဲ | ၈၇ |
| ၃၃။ | ထို့ကြောင့် ယစ်သည် | ၈၉ |
| ၃၄။ | ဒေလှိုင်း | ၉၁ |

## နှင်းတောတိုး ဝံသ ပါးသို့ အရှုးစာ

(2016, JUN, 5 )နိမာ အမှာစာရီးပီးပါလို့ ဝံသကပြောပါ ရေ။
ဝံသ အသူလေး။ ဒေမီးခွန်းက ဝံသကို မသိလို့မီးပစ်တေ မီး ခွန်းမဟုတ်။ ဝံသ အသူလေး။ ဝံသရေ ကလောင်ဇောက် နက်ယင့်လား။ ဒေဟင့်တိကို သူ့ပရိတ်သတ်က သိချင်ကတ် ဖို့။
ဝံသ့ ကလောင်လမ်းကြောင်းကို ချပြဖို့ အချိန်တန်ပါပျာ။

ရခိုင်တန်ဆောင်းမတ်ဂဇိန်းခေတ်ကပင် 'ကျောက် ခြုပ်ရိုးတိ ပြီနီရေမြို့'စာအုပ်စပ်ကြားမာ စာလုံးပေါင်းသတ် ပုံ အားကောင်းကောင်းနန့် နုံးချင်းရခိုင်ကဗျာစာအုပ်မဟိ ခ။

'ကျောက်ခြုပ်ရိုး . . .' နောက်ပိုင်းမာ ရခိုင်ကဗျာ စာအုပ်တိ ပြုတ်ပြုတ်ထွက်လှာကတ်တေ။ ယင်းမာ နှစ်မျိုး နှစ်စား တွိရရေ။ တမျိုးက ကဗျာသည်တိပေါင်းစုထုတ်တေ ကဗျာစာအုပ်။ နောက်တမျိုးက နုံးချင်းရခိုင်ကဗျာစာအုပ်။

ပေါင်းစုကဗျာစာအုပ်တိက ပေါင်းစုအားနန့် ချင်းလို့ ကျင်းကတ်တေ။ နုံးချင်းကဗျာစာအုပ်တိကျခါ မျက်ဖြူဆိုက် တေ။

ရခိုင်ကဗျာစွာ အပျိုသွေး လူပျိုသွေးရို့ ဖတ်ရှုခံစား ကတ်ဖို့ စာပီမျိုးအစားလို့ ယေဘုယျဆိုနိုင်ပါရေ။ ယေရာ

လေး ရခိုင်ကဗျာစာအုပ်ကို ရခိုင် အပျို လူပျိုတိ အားပီးမှု နည်းရေ။
သူရို့အားပီးစွာက ဖေ့စ်ဘုခ်ထက်က အောက်သားခြင်းစာပုံ ကဗျာတိ။ ပုံအလှပလှသျှေ၊ အရောင်အလှပလှသျှေ၊ font အလှပလှသျှေနန့် ရီးထားရေ စာပုံတိ။ ယင်းပုံတိကိုသူရို့သူ ရို့ဖုန်းထဲမာ မကန်မကန် save ထားကတ်တေ။

ရခိုင်သားတိ စာမဖတ်တေ အကြောင်းရင်းတိထဲမာ ဆင်းရဲနွမ်းပါးလို့ဆိုရေ အချက်တချက်ကို ထည့်ပြောခကတ်တေ။ NLD ကြီးစိုးလာရေခါ စိုညစ်ညစ်ခေတ်ထက်စာကေ အလုပ်အကိုင် အခွင်းအလမ်းတိ တဆိသျှေလင်းပွင့်လာရေ။ ယေနန့်လို့ ရခိုင်လူငယ်တိရေ ခနစ်ရက်တပတ်မာ ဖုန်းဘေ ခ ၅၀၀၀ ကျပ်နန့် ၁၀၀၀၀ ကျပ်အထိ ယေဘုယျသုံးဖြုန်း ကတ်တေ။ ယင်းအချက်အရ ရခိုင်စာပီကို မဖတ်စွာရေဆင်း ရဲနွမ်းပါးလို့ မဟုတ်ကတ်ပျာ။ အခြားတပါးစာပေ မှိုင်းချုပ် ထားလို့ ရခိုင်စာပီကို ပြာမြင်ကတ်စွာ ဖြစ်ပါရေ။

သက်ကြီးပိုင်းတိကျခါ မိမကြီးတိရေ ယောက်ျားကြီး တိလောက် စာဖတ်အားမဟိ။ ကျောက်ျားအကြီးပိုင်းတိရေ သမိုင်းမှုရာ စာလို့မြင်ရေ။ ယင်းတိုင်သျှင်တိခြီရေ စာကလေး 'ဆတ်မ' နန့်ရလို့ ရခိုင်သားဖြစ်လာရေ သမိုင်းမျိုး။'ဆကျ-သကျ' သာကီဝင် သမိုင်းမဟုတ်။ အရာတမျိုးဖတ် ကတ်စွာက ပါဠိဂါထာ။ ယင်းပါဠိဂါထာကို ဘာသာပြန် ထားရေ မြန်မာ သာသနာဝင်ကဗျာ။ နောက်ထပ်လို့ DV B သတင်း တဘာ စာအတွက် ယင်းလောက်ရာ။

မင်းကျွန်ပျိုနန့် မင်းကျွန်မပျိုမအိုတိက ဘောလုံးပွဲကျီ ပျာ။

အကျွန်ကြားလိုက်တေ။ မုနိမြီမျိုးအေးနန့်ခိုင်ရိုးလနှစ်

ယောက်ပေါင်း ရခိုင်ကဗျာစာအုပ်တအုပ် ထုတ်ပါရေ။ ထုတ်ဝီသူက ချင်ပိုင်ထုတ်ပစ်လိုက်လို့ ဖေသာကျပ် သျှစ်သိန်းလောက်ဟာလားရေ။ ထုတ်ဝီသူလက် ချက်ကြောင့် အမှားအယွင်းမျှားလို့ မဖြန့်ကတ်။ စာဖတ်ပရိသတ်ပါးတို့ မကမ်းအင်။ ရှက်တေ။

ဂုခေတ်ရခိုင်စာပီလမ်းကြောင်းမာ စာပီစျီးကွင်း မဟိ။ အားပီးစွာကလေး စာပီသမားလူငယ် အချင်းချင်းလောက်ရာ။ ရာနှုန်းတစ်ဆယ်လောက်။ တခေါက်ထုတ်ကေ ကျပ်လေးသိန်းကျော်လောက် ဆုံးလီကတ်ဖို့။

ဝံသ က တတိယမြောက်မှတ်တိုင် 'အက္ခရာ မျဉ်း' နှုံးချင်းရခိုင်ကဗျာစာအုပ်အတွက် အမှာစာရီးဖောင်ထည့်ရေ။ 'တတိယမှတ်တိုင် နှုံးချင်းရခိုင်ကဗျာစာအုပ်' လတ်။ နည်းရေဟိတ်လား။ နည်းရေ သတ္တိလား။ နည်းရေ အနစ် နာခံမှုလား။ ယေနန့် ပထမခါ အကျွန်ရေ 'ဝံသ၏ မှတ်တိုင်(၃) သို့ ဂုဏ်ပြုစာ' ဆိုပနာ ဂေါင်းစီးပီးပစ်တေ။ ပြန်လို့ အတွက်ခံကြည့်ရေ။ စာရီးသူ ဝံသနန့် စာဖတ်ပရိသတ်ရို့ ကဗျာသံစိုင် စည်းချက်ညီယင့်လား။ ရခိုင်အမျိုးသားရီးလမ်းကြောင်းမာ အနစ်နာခံသူရေ ၁၀၀ မာ ၃၀ ရာနှုန်းလောက်ရာ ဟိပါရေ။ယင်း ၃၀ ရာနှုန်း သောရခိုင်သားကို ကျန် ၇၀ ရာ နှုန်းသောရခိုင်သားရို့က အရှုံးလို့ရာ မြင်ရေ။ ခေတ်ကိုအား နန့်ပြုပျင်လို့ မရနိုင်။ ယေနန့် ဒေစာမူဂေါင်းစီးကိုရာ သင့်ရောင်ရည်ညွှန်းကျယောင်ပြုပျင်လိုက်တေ။ 'နှင်းတောတိုး ဝံသပါးသို့ အရှုံးစာ'။

ဝံသ။ ဝံသဆိုစွာ ကဗျာဆရာ။ အစပိုင်းခါ မြင့်ထွန်း (မေယုမြို) ကလောင်နာမည်နန့် လျှောက်လာလတ်တေ။ နောက်ပိုင်းခါ 'ဝံသ' ဖြစ်လှာရေ။ ဖေ့စ်ဘုခ်မာ ကဗျာတိတင်ရေ။ press ဖက်တို့လေး ကူးလှာသီးရေ။ ဖေ့စ်ဘုခ်ကဗျာသည်တိပေါင်းစုထုတ်တေ 'အရဂုဏ်ဦးကို ကြိုဆိုခြင်း

'(အွင်လိုင်း ရခိုင်ကဗျာပေါင်းစည်းအား)'စာအုပ်မာ သူ့ကဗျာတိ နေ့ာင်းနီရေ။ အောင်တံခွန်ဝံသရက္ခိတမတ်ဂဇိန်း၊ ရခိုင်တန်ဆောင်မတ်ဂဇိန်း၊ ရခိုင်ယဉ်ကျေးမှုဂျာနယ်မာ သူ့ကဗျာတိ တွိရရေ။'ဝံလက်ပျိုရို့ သုခုမရောင်နီ'ပေါင်းစုကဗျာစာအုပ်မာလေး ပါဝင်အားဖြည့်ထားစွာကို တွိရရေ။ 2015 ခုနှစ် jun လမာ ပထမဆုံးလက်ရာ'ကန္တာရ နှင်းစက်ခြီရာ' နုံးချင်းရခိုင်ကဗျာစာအုပ်။ 2015 ခုနှစ် Dece mber 29 မာ ဒုတိယလက်ရာ'ခြပ်ရိုးတမျှင်ငှအလင်း' နုံးချင်း။ 2016 ခုနှစ်ကို ရောက်လတ်တေခါ 'အက္ခရာ မျဉ်း' လတ်ယေ။

ဝံသ ဆိုစွာ ကဗျာအပြင် အမျိုးသားရီးအမြင်အပြည့်နန့် ရခိုင်စာပီကိုချစ်တေလူ။ ရခိုင်စာပီနန့်ဘာသာစ ကားသုတေသနအသင်း(စစ်တွေ) မာ အကျိုးတော်ဆောင်ကော်မတီဝင်တယောက်။ ဖေ့စ်ဘုခ်ထက်မာလေး ရခိုင်စာ ပီနန့်ပတ်သက်တေ အကြောင်းအရာသျှေတိကို ချခင်းပြတတ်သူ။

ယင်းပိုင်လူကိုမှ အကျွန်က အရှုးလို့ ဆိုပါမေ။ စာဖတ်ပရိသတ်နန့် တီးလုံးမကိုက်ပေး မှတ်တိုင်တိ တတိုင်ပြီး ကေတတိုင်စိုက်ထူနီစွာရေ အရှုးမဟုတ်ကေ ဇာ။ နုံးချင်း ရခိုင်ကဗျာစာအုပ်လောကမာ ဗိုလ်ကြီး။ အရှုးကြီး။

ဝံသ တယောက် မယားသျှေ သားသျှေမရသီးပေး ဇာဖို့ အရှုးသဲနီလေ။ အတွက်ခံကြည့်မေချက်။

စာပီလမ်းကြောင်းကို သူဝင်ရေ။ ယင်းလမ်းထဲမာ 'စာပီခါးပြတ်တေ'ဆိုစွာကို မြင်လီဖို့။ 'ရခိုင့်စာပီကို ဖတ်စီချင်ကေ ရခိုင်စာအရီးအဖွဲ့အသစ်တိ လိုအပ်တေ'လို့မြင်လီဖို့။ ယင်းအသိအမြင်ရေ အမျိုးသားရီးအခံဓာတ်နန့်ပေါင်းစပ်မိရေခါ ကဗျာသမား ဖြစ်လားလီဖို့။

သူထုတ်တေ စာအုပ်တိကို မှောက်လိုက်လှန်လိုက်

အတင့်ကြည့်လီဖို့။ ပီတိတဝတကန် ဆို့တက်လီဖို့။ မျက်မှောက်မှာ သူရစ္စာက ပီတိအဟုန်တထွီးတည်း။

ရပ်မာရွာမာ သက်ကြီးပိုင်းတိရေ နှစ်ရှည်ပင်တိ စိုက်ကတ်တေ။ အသီးအပွင့်ကို မမီနိုင်။ မီလှာဖို့က နောင်လာနောင်သား။

သုဝဏ္ဏဒေဝီရို့၊ဥက္ကာပျံရို့စပ်ခရေ ကဗျာတိကိုနောင်လာ နောက်သားဖြစ်တေ အကျွန်ရို့က ဖတ်ရှုခံစားကတ် တေ။

၂၁ ရာစု မျက်မှောက်ကာလ ရခိုင်ကဗျာတိကို မျက်မှောက်ရခိုင်သားအချို့ ဖတ်ရှုခံစားကတ်တေ။ ၂၂ ရာစု ရောက်လားရေအခါ အဆိုပါ ကဗျာတိကို ဖတ်ရှုခံစားကတ်ဖို့ 'ငါရို့ရခိုင်စာယေ၊ ငါရို့ ရခိုင်ကဗျာယေ' လို့ ပြောပေါက်ရဖို့လိုရေ။

အနာဂတ်မာ ယင်းပိုင်ပြောပေါက်ရကေ ယင်းစွာရေ အနုပညာရှင်သန်ခြင်း မဟုတ်ပါလာယေ။ စာပီရှင်သန်ခြင်း မဟုတ်ပါလာယေ။

ယေနန့်လို့ ရီမဟိရာမာ နောင်လာနောက်သား အကျိုးအတွက် အရှည်ကိုမျှော်ကိုးပြီးကေ ဝံသဆိုရေကလေ စာရှူး ပီရှူး ကဗျာရှူးပနာ အရှူးသဲနီစွာကို ဝမ်းသာအားရ ကြိုဆိုပါရေ။

စာရှူးပီရှူးကဗျာရှူးရို့ . . .
အဆက်ဆက် ရှူးနိုင်ကတ်ပါစီ . . . .
အဆက်ဆက် ရှူးနိုင်ကတ်ပါစီ . . . .
အဆက်ဆက် ရှူးနိုင်ကတ်ပါစီ . . . .

ဒေါင်းရန်
၂၀၁၆၊ ဇွန်လ ၁၁ ရက်။

## စာဖတ်သူနှင့်အနုပညာတန်ဖိုး

အချို့က
စာကိုဗဟုတအဖြစ်၊ အောင်မြင်မှုတက်လမ်းအဖြစ် အသုံးချ ဖတ်ကတ်ပါရေ။ အချို့ကျလေ့ အပျင်းပြေရုံသက်သက်အ ဖြစ် ဖတ်ကတ်တေပိုင်၊ အနုပညာသည်တယောက် မွီးဖွားပီး လိုက်တေ အနုပညာရေ သုတ၊ ရသနန့်ပြည့်စုံယင့်လား၊အနု ပညာလက်ရာ မြောက်ယင့်လားဆိုရေ အထင်နန့် ဖတ်ကတ် စွာမျိုးလေ့ ဟိပါရေ။ ကဏ္ဍအလိုက် အမျိုးအစား ခွဲကြည့်ဖို့ ဆိုကေတော့ခါ အင်တန်သျှေ ရဖို့ထင်ပါယင့်။ ယေရာလေ့ ကဗျာနန့် ငြိတွယ်နီရေအတွက် ကဗျာအနုပညာ သဘောတ ရားပိုင်းဆိုင်ရာ ဖက်ကိုရာ ဦးစားပီးတင်ပြလားဖို့ဖြစ်လို့ အ ကျယ်မချဲ့ပဲ ချန်လှပ်ထားခပါရေ။

အမှန်အားဖြင့် အနုပညာဆိုစွာမျိုးက ခံစားမှုမတူ၊ အမြင်ချင်းမတူရေ ရှုထောင့်တနီရာက ထွက်အံ့ကျလှာရေ သံစိုင်တခုစွာ စကားလုံးတလုံး၊ စာတကြောင်း၊ ဖန်တီးသူအ ပါးမာမူတည်လို့ ကဗျာတပုဒ်အဖြစ်လေ့ အသွင်ပြောင်းလား နိူင်ပါရေ။ ယင်းပိုင်ဆိုပါကေဖန်တီးသူနန့် စာဖတ်သူရို့ကြား မာ အများအားဖြင့် အနုပညာကို အနုပညာနန့်တူယောင်ခံ စားတတ်ဖို့ ကောင်းကောင်းကြီး လိုအပ်လိမေ ထင်ပါရေ။

သဘောတရားတခုချင်းစီမာ အဓိပ္ပာယ်တန်ဖိုးတိ ကိုယ်ထင်ထားစွာထက် လီးနက်မှု ဟိတတ်ပါရေ။ ယေနန့် အနုပညာအသုံးဝင်ပုံ တန်ဖိုးကို နားလည်ယောင် မကြိုးစားသရှိတော့ခါ တဦးနန့်တဦး အမြင်ချင်း၊ နားလည်မှုသဘောထားချင်း တူလိမေ မဟုတ်ပါ။ ဇာကြောင့် ဒေပိုင် ပြောရလေ့ဆိုပါကေ ဂိုးချေတယောက်က အစ်ကိုရီးရေမော် ဒန်ကဗျာကို ကျနော်ကတော့ခါ ဖတ်ရစွာနားလည်ရေ။ ယေရာလေ့ ကျနော့သူငယ်ချင်းတိက နားမလည်ကတ်ပါ။

ယေနန့် ရိုးရိုးချေ နားလည်လွယ်လောက်တေ အသုံးအနှုန်းတိနန့်ရီးကေ ပိုမကောင်းပါလားလို့ အကြံပြုလှာပါရေ။

အနုပညာဆိုစွာ ကိုယ်ကအဓမ္မလုပ်ယူလို့ရရေ အရာမဟုတ်လို့ နားလည်ထားပါရေ။ တွေးခေါ်ပုံစနစ်တခုတည်ရာမာ အာရုံကပထုတ်ပစ်တေ။ ယင်းစွာကိုပင် အထား အသို မှန်မှန်နန့် လိုအပ်တေယှော င် ဘောင်သွင်းရေ။ ယင်းပိုင် ကိုယ့်အယူအဆတရပ်နန့် ပီပြင်အောင်ဖန်တီးလိုက်တေ အနုပညာမာ နားမလည်စွာလေး ပါကောင်းပါလိမေ။ ဆက်တိုက် မွီးထုတ်ပီးနီရဖို့တာဝန်ရေ အနုပညာသမားတယောက်တာဝန်ဖြစ်လို့ နားလည်ဖို့၊ နားမလည်ဆိုစွာကတော့ခါ စာဖတ်သူအပိုင်းရာ ဖြစ်ပါယင့်။ ယေရာလေ့ စာရီးသူတိုင်းရေ ကိုယ်တွေးခေါ်မှု ကိုယ့်သဘောတရားပိုင်းဆိုင်ရာ Opinion ထိုးဖောက်မှုကိုရာ လိုလားသူတိဖြစ်လို့ နားမလည်ရေဘာသာစကားနန့်တော့ခါ ဖန်တီးကတ်လိမေ မဟုတ်ပါ။

ယေနန့် အာရုံသိခံစားရေ စာဖတ်ပရိသတ်ရှိ့မာ အနုပညာကိုခံစားတတ်တေ အနုပညာမျက်စိဟိဖို့လေ့ လိုအပ်ပါရေ။ ယေမှရာ အနုပညာတန်ဖိုးကို ဒေထက်မက နားလည်ကတ်ပါလိမေ။

**အနုပညာကို ခေတ်ကဖန်တီးရေ** အနုပညာမာ တရားသီသတ်မှတ်ချက်မဟိလို့ထင်ပါရေ။ အနုပညာသည်တယောက်ဖန်တီးလိုက်တေ အနုပညာစွာ လူမှုရီး၊ နိုင်ငံရီး၊အဖွဲ့အစည်းတခုအတွက် ဖြစ်ရဖို့ဆိုပနာ ပြဌာန်းလို့ရလိမေ မဟုတ်ပါ။

ယင်းပိုင် ရွတ်လပ်တေ၊ အချုပ်အနှောင်မဟိရေ အနုပညာတရပ်ကို စိုင်ဆက်မပြတ် မွီးထုတ်ပီးနီကတ်တေ အနုပညာသည်အားလုံးစွာ တဦးနန့်တဦး အမြင်အားဖြင့် တူကတ်လိမေ မဟုတ်ပါ။ သဘောထားအမြင်ချင်း မတူညီကတ်ကေလေ့ မိမိယုံကြည်ရေ အနုပညာတရပ်ကို ဇာပုံ ဇာနည်း အကောင်းဆုံးဖြစ်ယောင် ဖန်တီးဖို့ဆိုစွာကိုတော့ခါအချိန်တိုင်း တွေးခေါ်နီတတ်သူတိ ဖြစ်ပါရေ။ ယင်းမာ အနုပညာသမားအချင်းချင်း မတူညီကတ်တေ အယူအဆတခုလေး တွိပါယင့်။ ယင်းစွာရေ ခေတ်ဟောင်းဂန္ထဝင်သမားနန့်ခေတ်သစ်မော်ဒန် သမားရို့ပင် ဖြစ်ပါရေ။

အနုပညာသမားချင်းတူကေလေ့ ယူဆပုံချင်းမတူရေ ခေတ်ဟောင်း ဂန္ထဝင်သမားနန့် ခေတ်သစ်မော်ဒန်သမားရို့ အမြင်ချင်း ကွဲပြားပုံကို အကျွန့်အမြင်နန့် ဆိကေ တင်ပြကြည့် ပါမေ။

အမှန်အားဖြင့် အနုပညာသမားချင်း တူကတ်ပါရေ။ ယေရာလေ့ အယူအဆချင်း မတူညီကတ်ပါ။ယင်းပိုင် အမြင်ချင်းမတူညီကတ်တေ ခေတ်သစ်မော်ဒန်သမားနန့် ခေတ်ဟောင်းဂန္ထဝင်သမားရို့ ပြောဆိုကတ်ပုံကို အကျဉ်းချုံ စိစစ်ကြည့်ရခါ ခေတ်ဟောင်း ဂန္ထဝင်သမားက ကာရန်ပါမှ ကဗျာဖြစ်တေလို့ ယူဆပုံရပါရေ။ ယေနန့် ခေတ်ဟောင်း ဂန္ထဝင်ကဗျာဆိုစွာ ဇာယျောင်လေ။ ဇာပိုင်အမျိုးအစားရောင်လို့ သိချင်ဇောနန့် လိလာကြည့်မိပါရေ။ ကဗျာအမျိုးအစား

တိကတော့ခါ အင်တန်တွိရပါယင့်။ ယင်းမာ ကဗျာအများ စုရေ ကာရန်၊ နဘေး၊ တန်ဆာ လင်္ကာရို့နန့် ကျကျနန သီ ကုံးထားစွာလေး တွိရပါရေ။ လိုအပ်တေဘောင်တခုအတွင်း က နိမိတ်၊ ရိုင်သမ်ရို့နန့် ဖွဲ့နွဲ့ထားစွာဖြစ်လို့ ရွက်ဆိုသူ၊ နား ထောင်သူရို့အဖိုးလေ့ အသံစီးဆင်းမှု ပြေပြစ်ကြောင့် တွိရ ပါယင့်။ သူ့ခေတ် သူ့အခါလျှောက်တော့ခါ အင်နန့်အားနန့် ထွန်းကားခပါလိမေ။

ထွန်းကားခကြောင့်လေ့ သမိုင်းသက်သီသာဓကတိ မာ အများအပြား တွိရပါရေ။ ယေရာလေး ယင်းခေတ် ယင်းအ ခါရို့ကကဗျာကို ရွက်ဆိုကတ်ပါရေ။ မျက်မှောက် ကာလ နှစ်ဆယ့်တစ်ရာစုအရောက်မာ ကဗျာကို ရွက်ဆိုရေ အလိအကျင့် ပျောက်ကွယ်မှေးမှိန်လှာရေလို့ ဆိုရပါလိမေ။ လုံးဝ ရွတ်မဆိုကတ်ပျာလားလို့ မီးကောင်းမီးချင်ကတ်ဖို့ထင် ပါရေ။ ဆိကေတပွေတော့ခါ ဟိကတ်ပါသိရေ။ ယေရာလေ့ ခေတ်ကာလပြောင်းရွှိပုံအရ အယူအဆတိလေ့ပြောင်းရွှိလှာ ပနာကဗျာကို ရွတ်ဆိုရေဆိုစွာထက် ဖတ်တေဖက်ကိုအား ကြီးလှာပါရေ။ ဇာကြောင့်ယင်းပိုင် ဖြစ်ရလေ့ဆိုပါကေ ခေ တ်ကာလကြောင်းလို့ ဆိုရပါလိမေ။

ကဗျာဆိုစွာ အနုပညာပစ္စည်း၊ ကဗျာဆိုစွာ အနုပ ညာတမျိုးပင် ဖြစ်ပါရေ။ ယင်းအနုပညာကို ခေတ်ကဖန်တီး စွာ ဖြစ်ပါရေ။ ယေနန့် ဒေနိကာလမာ ကဗျာအနုပညာဖက် ကို လိုက်စားလှာကတ်တေ လူငယ်အများစုရေ ရွတ်လပ်မှု၊ ဆန်းသစ်မှုကို လိုလားလှာကတ်တေ။ ဘောင်ဆိုရေ အစိုင် အလာခြံစည်းရိုးက ရုန်းထွက်လှာကတ်တေလို့ ဆိုရပါလိမေ။ ယင်းပိုင် ရွတ်လပ်မှုအနှစ်သာရကို ရှာဖွီလှာကတ်တေ လူငယ်အနုပညာသည်တိစွာ ဂဋ္ဌဝင်ကဗျာထက် မော်ဒန်

ကဗျာဖက်ကို အလီးထားလိုက်စားလှာစွာ တွိရပါရေ။ယေနန့် မော်ဒန်စွာ ရခိုင်ကဗျာမဟုတ်ဆိုရေ အကြည့်မျိုးနန့် ကြည့်လို့ ရလိမေ မဟုတ်ပါ။

ဇာကြောင့်လေ့ဆိုပါကေ စစ်မှန်ရေအနုသမားဆိုစွာ ခေတ်ကိုလွန်ဆန်လို့ မရနိုင်ပါ။ ကျော်ကြားရေ အနုပညာ တရပ်အတွက် အနုပညာဆိုစွာမျိုးရေ ကာလအကန့်အသတ် ပါးမာ မူတည်ပျာ အနုပညာကို ခေတ်ကဖန်တီးလားစွာပင် ဖြစ်ပါရေ။ ဇာယျောင်ပင်ဖြစ်ဖြစ် အချုပ်ဆိုရပါကေ ရခိုင့်က ဗျာလမ်း ပြောင့်တန်းဖို့၊ ရခိုင့်စာပီလမ်းကျယ်ပြန့်ဖို့ မော်ဒန် ကို အကျွန်ရှိ့လက်ကမ်းလို့ ကြိုဆိုကတ်ရပါလိမေ။

သာစွလေ

မောင်မိုးညို

၂၈,၇,၂၀၁၆

## c / 0 နာရီ

အလုံးလိုက်ရှိကြည့်ကေ
အစိုင်လိုက်စောင်းမှုကပြသနာ
ကြီးကြီးမားမားမဟုတ်ကေတောင် သူ့အဖို့နန့်သူ
ကုတ်ခြစ်နီရရေ ပြိုမြဲမဲတိမ်ကြီတစင်း။

သို့မဟုတ်
တခမ်းတနားလိုက်မပို့နိုင်လောက်အောင်
ပွဲထွက်သောအနိစ္စတကောင်ငှ ပေါ်ရာဏာယစ်ထုံထုံရန့်

တခုလေ့မသိခြင်းကို
တခုလေ့မသိမှုနန့်ပေါင်းစပ်ကြည့်လိုက်ခါ
ပြခန်းထဲ ငြိုးလွှားပျော်းပါးစွာက ၉၆ ပါး
မနီးစပ်ခြင်းက ၁ ဒသမ ၉
လက်ကျန်က အရောင်ညှိုးလိုက်တော။

တနားချေဖြစ်ဖြစ်ဖယ်ခွာခွင့်ပြုပါ
အစမ်းဆိုကြည့်ရှုံလောက်နန့်ပရိသတ်ကြိုက်တေ
ရှိကိုဆွဲတက်ဖို့ပျင်လိုက်ခါ အရပ်စွာကျားကန်တုတ်ထောက်
တောက်ချီးကျမှုက အံ့ဖွယ်ဖြာထွက်လောက်အောင်ထိ။

အယင်မိုးသောက်ဖက်များစွာက မီလိုက်ပါသိရေ
မကြောက်မလန့် စည်ကားရေအနှစ်မဲ့မှုတိ
အောက်ခြီကြင်းလင်းသော"သင်"ငှ့အလိုက်သိခြင်းမာ
c / နာရီထက် 0 တိကြွင်းလို့ ထော။ ။။

## မြက်တပင်နှင့်ဓမ္မအဌကထာ

လက်ရာကောင်းတဖွေ့စာ ရိုးသားမွန်မြတ်ဖို့
မရနန့်မက သီချာပေါက်ဒေတုတ်စွာ
အိုးနန့်ကွဲနီကျ ထင်ယင့်
နီဝါကြီးဆက်ရိုးသာခကေ ထူပါးပါးပုရိသကျင့်ဝတ်ပီသဖို့
ယင်းပိုင် အစပ်အဖာတိ
နီခြည်နန့်တွဲခြုပ်လို့ ပါးစကမ်းထောင့်မာ တလုပ်စာကန်ငြင်း
အဘောင်မက အကြီးနန့်ငါး မပါလားလတ်။

သက်ဆိုင်ရေမိုက်ကန်းကန်းခွဲထွက်ပဓာနအရာခပ်သိမ်းအားလုံးစွာ
ဒေဂုတနားက
တောင့်တောင့်ကြီး ပရမတ်ဘုံတဖက်သို့
အသံပုန်းလက်နတ်နန့် ခြီလျင်ထိုးမောင်းနှင်ခ
ဗျာပါဒဆိုလေး ဖြစ်တေ
အပါးလိုလို့အဝီးကိုချဲ့ထွင်းပစ်လိုက်ခါ ဒေထိုင်ခုံစွာ
သူ့နီရာဆိုယင့်။

အကျိုးတူဖက် ဝါရင့်မိတ္တူက
ငေါ်မှောက်မှားစွာကြာပျာဆိုလား ထင်စွာ
ကြံဆောင်ဝိမုတ္တိသုံးစပ်တင်ထွန်သွားပါးပါးရို့သည်ကား
ပိဿပိုသီဝရီအရ ချပ်တိုက်ဆင်းလားစွာ
ဇာနှစ်ကြိမ်မြောက်ပျာလေ ဝေရာမဏိ
အမှန်ဆို
ကျားပေါက်ခြံအတွင်း အလွဲအပြဲတီးကြိုင်းသံများ
အိမ်အထိလိုက်ပို့စရာမလိုယေ။

ကလျာဏပုထုဇဉ်ဆိုစွာ မိုးခါးရီတစက်လား
ဇာအကြောက်တရားနန့်လေ့ ယှောင်တိန်းမရရေ
သီခြင်းတရားအတွက် ဖိနပ်တရံလိုပါရေ
ငြိကွက်တခုင့ခေါင်းတလားအဆိုမာ ဗြီးခုန်တမ်းကစပ်တေ
ဒေအမှီအဌကထာတိ မြက်တပင်ဓမ္မထဲ လုံး၀ စည်းရှတ်
ဝါးရှတ်ယေ။

လိုရာကိုဆွဲပြောကေ ဇာသုခကရှိဝင်စားဖူခလို့လေး
ရင့်ကျပ်ပါရေဆိုသောကာလပါး
နှလုံးခြိကျယ်လောင်မှုတိ ဝါယာချင်းလိမ်လို့
ယှဉ်ကပ်ဖို့ကြိုးစားတိုင်း အဝိဇ္ဇာငြိလုံးတိမြုပ်ကွက်ပီသရေ
ပလို့ အထုံပါ လစ်သိမ်းခအစစွာ
ကိုလိုနီ အတက်အဆင်းမြန်းကပင် သွီးပျက်တန်းလန်းနန့်
ဂုထိဓမ္မကိုရှာမတွိနိုင်သိ။    ။။

## ပြက္ခက်

အချို့ . . .
အတက် အဆင်းမမှန်ရေ ဆင်ဖဲမှားပုံက
နှင်းပေါင်းခံဥယျာဉ်ထဲ
သွီးသားတတ်မက်မှုတိ လျှားလိုက်တွားတက်
နိဝါရဏကို ဂဃနဏမသိသော
ရိုးမဌ အရိုင်းဆန်တကောင်ဖြစ်ယင့်။
သို့မဟုတ်
ရင်ဘတ်အားကိုးနန့် သမိုင်းကိုဗြိမလှမ်းဝံ့သောသူ။ ။။

၇,၆,၂၀၁၆

## ကုတ်ထည့်ဖို့လိုနီရေနိရက်စစ်စစ်များ

တတောလုံးဖြုန်းတီးမှုအရ
လိုလိုချင်ချင်ရှုတ်ကင်းစွာ တခုလေ့မဟိခမနား
ယင်းပိုင်ပင်
အဆိုးထဲအကောင်းကို
လူ့အခွင့်ရီးစာတန်းနန့်ချိတ်ဆွဲကြည့်လိုက်တေ
အထိုင်ရှုတ်စားပွဲတလုံးမာ
အူပြတ်အောင်မဲနက်သော အခါးပေါက်မှုကလွဲကေ
အကြိမ်ကြိမ်လဲပစ်ခ လိုရမေရတိ တပိုင်းသီယှုံးတံဆိပ်နန့်
ရှားလို့။

ကောက်ရသော သောမတ်အေဒီဆင်နှလုံးမာ
လာလာငြိနီရေပွားမီးက ရီမတွိ
စိတ်ကူးစိတ်သန့်နန့်မှေးစက်ဖို့လျှောက်တင်ချက်
(သို့မဟုတ်) တောင်းပန်ချက်တိ
ဆန္ဒမပါပဲခေးနန့်ပျော်ပါးရေ အစင်းစင်းပြိန်းအလား
ဝင်ရိုးတချောင်းမာ အသီအချာချောအိနီစွာဆိုလို့
အသားမပါရေ ဂဏန်းပေါင်းစက်တလုံးမျှ။

ဆွဲဖောက်ရန်မိနီသော သတ္တုဆင်ဒီပလိုမာဘွဲ့အကြောင်း
ဖော်ပြပါ ပါ မပါ
အယ်ကိုင်တာကလူချုံရေးတိုးမြှင့်လိုက်တေလို့
လွှတ်တော်မာပြောကြားရေ
ဂါရီတစီးဂေါင်းခန်းမာအရောက်ပို့ ဆန့်ကျင်ဖက်က
အစွယ်ထုတ်ပြခါ
ဆိုဖာရီနိုး(solferino)စစ်မြီပြင်က အာမခံချက်တိ
ကြက်ခြီများနီလို့။

လီယိုနာဒိုဒါဗင်ချီက ပဲရစ်(louvre) ပြတိုက်ထဲ
မိုနာလီဇာကိုအသက်ပြန်သွင်းလို့
တောလ်စတွိုင်နှ
စစ်တိုက်ခြင်းနန့်ငြိမ်းချမ်းခြင်းဝတ္ထုစာသားပိုင်ဖြစ်ချင်ရေ
ဇီဝိန်ပေါင်းများစွာတိ မြီခစရာမလိုရေ
အရှိတီမောပိုင်လေ့ဖြစ်ချင်ရေ
အဆီအနှစ်ကိုဖန်အိမ်မာထည့်သန္ဓေအဖြစ်ပြီးမြောက်ချင်ခစွာ
အကွန်ဆောင်ခြင်းကင်းသောအရာတိုင်း
ပြစ်မှုဆိုင်ရာပုဒ်မတိ များလိုက်တေ။

အရက်ပုံသန့်သန့်နန့် ဆီးကြောလိုက်တေ
စင်စစ် အဖြူရောင်ရက်များ
အပတ်စိုင်အလိုက် ပြုစုခ သင်းသင်းကြိုင်လများ
သီးသန့်ပက္ခဒိန်နန့် အဆုပ်လိုက်မွှီးမြူခ နှစ်များ
ဝမ်းနည်းခြင်းမပါသော ရာပြည့်ကုတ်များလိုပါရေ။ ။

## သူပြောသောသူ့အကြောင်း

ပစ္စုပ္ပန်လက်ကျန်တခွက်မှာ လင်းကြဲတုံးတုံးစွာ သူ့ငှဆရာ။
လူ့အသိဉာဏ်က ကမ္ဘာကြီးကို ရင့်သန်ဖို့ ကြီးမားဖို့ လှပဖို့
ဆိုရုံမျှ
ရှိခဲ့မြစ်ကိုနဘေးထပ် သူ့အခန်းထဲဆွဲခေါ်လို့
မာနနန့်သင်းကွပ်နီလိုက်တေ
အတိမ်အနက်တခုပိုင် ဝေဖန်စရာ ကဲ့ရဲ့စရာ
ချီးမွှမ်းစရာနက္ခတ်ဆိုလို့ သသင်္ချိုင်ထဲမြီစာဖြစ်ခဲယင့်
မလုံမလဲဟားတိုက်ခံရခါ မှိုင်းအုံသောမီးခိုးတိအရောင်စုံလို့
လှိုကားတထစ်မှာ မှတ်သုန်မျှားမျှား နက်ဖြန်ခါ
ကြိုတင်မိုးကြီးဖို့
ဖြုတ်ချ တတွဲပြီးတတွဲ ဖြုတ်ချ
ဆန့်ကျင်ဖက်ကိုမှန်ပြောင်းနန့်ကြည့်လို့
မဝါမစိမ်းအသားတုံးကို မုဒိန်းကျင့်တော်ပါရေ။

လူ့အခွင့်ရီးမှာ
အိုစမာဘင်လာဒင်ကသောင်းကြမ်းသူဖြစ်ယင့်
တွက်မလိုလို့တည့်ထိုးကြည့်လိုက်တေအင်္ဂတေသစ်ရွက်စိမ်းမျှားပိုင်

အနုဓာတ်ပေါင်းစည်းရေဦးနှောက်က
နိကိုသာခြင်းစာသားလုပ်ကျင့်တေ
မြို့ကြီးကိုနမ်းယှိုက်ဖို့ စပျစ်တခိုင်လောက်
ဆီးဖက်ဝင်စရာမလိုလား။

ဠကောက်ဆန်သောအနီရောင်ဖဲကြိုးများ အင်နန့်အားနန့်
ရှိတည့်တည့်ခရီးမဦးရ ဆိုင်းဘုတ်လေ့ အင်နန့်အားနန့်
ဗလာနတ်ခိုအောင်းဖို့ အပယ်အဝှန်ဇတိလေ့ အင်နန့်
အားနန့် . . .

လုပ်ကြံမဖန်တီးတတ်တေ အရဲစွန့်ခြင်းတိ
ကွန်ဖာဂြုပ်ထဲထည့်သိမ်းဖို့ လော်စပီကာတိ
ဘင်နန့်ပြုလုပ်ဖို့ ခုနှစ်စိုင်ညီးညီးတောက်ပအားတိ
ရှည်လျားဆုံးသုံးဆယ့်တဘုံထဲ အခွံဗလာဖြစ်
ထင်ရာစိုင်းနီတုန်း။

ကြောင်းပါအောင် ကြောင်လိုက်တေဆိုမှ
အမိုးအကာမဲ့လွန်းရေ ကြီးနိုင် ငယ်နိုင် အပဲ့အယွဲ့က
ကြီးမြတ်လို့ ပန်းဝင်ရေ
မြူနန့်ကျစ်တေကြိုးလား ကိုဗျာလခိုင်
ကေန္တပိုက်ပိုက်နစ်နစ် ချောင်းကြည့်နီစွာကလွဲကေ
လည်ပြီးယင့်လည် လည်ပြီးကေလည် လည်ပြီးကေ
ထော . . .
ဖလိသတ် ဖလာသတ်နန့် နိဗ္ဗာန်ယဉ် နိဗ္ဗာန်ယဉ်လတ်။ ။

## လမ်းလျှောက်ထွက် ဂြိုဟ်သီတလုံးအကြောင်း

ထင်ပါယင့်။
အားပြိုင်နီသော
ပိန်သိုးသိုးဝတ်ရည်တဆင်စာငှအတိတ်သယတိ
ဒေလောက်လိုက်ကပ်စရာ လိုလို့လား။

ဆိုပါဖိ
အကျွန်စွာ
အပြန်ပြန်အထပ်ထပ် လည်ပတ်ရခက်နီရေလက်တံ
ဒီဂရီနှုန်းနန့် ခန့်မှန်းခြီအရဆိုကေ
အလွန်ရင့်မာသော နှစ်ခြမ်းကွဲသစ်သီးတလုံးငှ
ဖောက်သောက်ခံ အောက်စိုစို နှင်းရိုင်းတပွင့်။

ဟုတ်တေ
အချပ်ပိုမပါသော အဖုအထစ်များရေ စီဒီပြားတချပ်ပိုင်

အစကိုပြန်ရစ်ဖို့ခက်တေကောင်

UPDATE ခက်ခဲရေ အဖွင့်သောတချောင်းမာ
အညာပုပ်နီတလုံးတည့်တည့်ဆိုပိုင် လှလှပပလူးဆင်း
ပွင့်ထွက်သောသမုဒ္ဒရာကို တို့စားခါ ငန်ရေ
လမ်းဖြတ်မကူးရတံဆိပ် အသူမှားတပ်ပီးစွာလေး။

နရိပ်ကောက်ပါလတ်စွာ
မဆိုင်မတွန့် ငြင်းဆိုရေတူရိယာသုံးမျိုးကြောင့် တိုးမရှိ
မှောင်ပါရေဆိုမှ နံပါတ်ပျောက်တေအဖြစ်
ကုတင်လပ်ဆီးရုံက ပြုံးစိစိကြည့်လို့ နာမည်ခေါ်လားရေ
အနှုတ်တိကုန်ရောင်းကုန်ဝယ် ကောင်းစားနီကတ်ယင့်။

အထိန်းမပါ ဆိုးဆွီးဆွီး ကြိုစောင့်သောနှစ်များ
ဝမ်းစာမကျန် အမှုသည်မပေါ်ခနှစ်များ
ချိုချဉ်ချဉ် ဖန်ခါးခါး ထွီးလိုက် ထုတ်လိုက် မှောက်လိုက်
လှန်လိုက်
ဒေဇာတာထဲ ဗီတာမင်ကားပါယင့်လား။ ။

## မရင့်ကျက်အပြုံးက ရင့်ကျက်အပြုံးဒိုင်ယာရီ

အချို့က
အကျွန်ုပ်ကို က ဗျာ ဆရာလတ်
ကိုယ့်အရိပ်ကို ပေအကွာအဝီးတိုင်းကြည့်ခါ
အကျွန်ုပ်မှာ နားတစုံလိုနီရေ။

အနုကိုပညာနန့်ပေါင်းစပ်လို့ လူ့အရီကိုချုံဖို့
သူတမျိုး ကိုတမျိုး အန်ကတ်
စာပီပိုးလောက်ကို ဖွင့်ဖတ်ဖို့ ချွေးတစက်သွီးတစက်
မရင်းဝံ့ခရေ ငါ
ဒဏ်ကျဖို့ကို မန်းမှုတ်ရုံကလွဲကေ ဖြားသင့်လီသင့်စိတ်စွာ
မော်ဒန်အားကောင်းရေ။

အနံ့တဟောင်ဟောင် တရီးနိုးပါးစကို ရှိုကွပ်လို့ပီးပါ
စ ဆုံး ဝေးနေယျပန်ဆင်သော မနုဿဇာတ်မာ
ကြယ်ရောင်တိညှိုးလို့
ဝေလီဝေလင်းထဲ ယောင်ဝါးဝါးနန့်တပြင်သန်းကြည့်လိုက်ခါ
အာဃာတအငြိုးများ တနိုင်တပိုင်း ပန်းဝင်ဖို့ ထ က
မယားလုရိုက်ကွက်ကခါးလို့ ခားပါးပါးနန့်အကျွန်ုပ်ကိုအကျွန်
လျှီးထုတ်
မှတ်ဉာဏ်အားမကောင်းရေ အနုဗေဒထဲ စာပီမြင့်မှ
လူမျိုးတင့်ဖို့လတ်။

ရှိကိုတိုးလိုက်တိုင်း တချောင်းနစ်ဝင်သောစူးက
ဆရာလို့မခေါ်ပါကေ့
အဟိကို ဟိရေအတိုင်းပြောရကေ မျိုးတဆက်ပြုန်းလားစွာ
စာ ပီ မှတ်ကျောက်ကို မငြီလို့။

ဘဝနန့်ယှဉ်ထိုးရေစောဒကမာ အကျွန်စွာ
လောင်ရိပ်ကင်းချင်သူ
ပီးမှတ်အရဆိုပါကေ ဆရာဖြစ်ချင်လို့ ကဗျာရီးခြင်းကား
မဟုတ်ယေ။

ဖီးသင့်လို့စိန်ခေါ်ရေ စိန်ခေါ်မှုထဲမာ အလှကိုဘဝလောက်
မျက်နှာမသစ်ဖြစ်
နာကျည်းဖို့စခရေ ပထမချစ်သူစွာ
အဘိဓာန်ကောင်းတအုပ်လေ့ဖြစ်ယင့်
သူ့တိုးအားမာ အသက်ကယ်ဆီးတိ မလေးသျှားကိုတင်ပို့ရေ
အခါးများသလောက် အချိုဓာတ်စိမ့်ဝင်ရေ
မာကျူရီဖန်သားအတိနန့် ခြီကုန်လက်ပမ်းကျနီရေ
အင်အားပျော့လမ်းသရဲစတိုင်မ်က ရုန်းထွက်ဖို့
မိုးနည်းသလောက် ရီများများပါသော ဒုတိယချစ်သူစွာ
ပေခိုးတိုင်းလို့မမီရေအနာဂတ်မာ အမိနန့်တူရေ
ကျမ်းတအုပ်ပ။

တခန်းတန့်ဇာတ်ကောင်နှင့် ဆွဲငင်အားမှာ
မျိုးချစ်စာပီသမားနန့်စတွိ
အယင်က မချိအောင်ကျပ်တေ အုံမွမွအဖြစ်ထဲ
ရခိုင်ဖြစ်ယင့် ရခိုင်မစစ်ခ
ဝမ်းမီးတဖိုလုံလောက်ဖို့ အစပြုကံတရားစွာ
အနုပညာထဲတိုးပို့
လင်ပါသားကိုချစ်ခရေ အကျွန်စွာ
ဒေဂု အမိသားစစ်စစ်ကို ချစ်တေ
ဝဲအားကောင်းပက်ခုံးထဲ အောင်မြင်ဖို့အတွက်ဆို
တိုးလို့ပင်ဝင်မကြည့်
ငါးနှစ်လွန်ကျွန်ခံမှုက သုံးနှစ်ခွဲထွက်လိုက်တေခါ
လရောင်စွာ ဝင်းလို့ ပလို့
သမာအာဇီဝနန့် ဆက်ကျောက်တေဒေပွဲမှာ
အမျိုးသားရီးလေ့ ပါရေ။

နိတိအလိုအရ
ကျမ်းတကျမ်းပြုစုရ သျှစ်မှတ်တိုင်မှာ
မိသားစုပုံရိပ်ကို ဒါဒေါင်စာရင်းမှာ ပေါင်းထည့်
လူမှုရီးပြည်နှင်ဒဏ်နှင့် ယုတ္တိမဆန်ခြင်းထဲ
လူတောတိုးမှ ''လူလတ်''
ခွက်ခွက်လန်အောင်ပူဖို့ ထွက်လာရေအရဏ်မှာ
အင်အားတိုးဆီးကိုဖြုရှာ
တခါလောက် မြည်းစမ်းခွင့်ရဖို့ပစ်မှတ်က ဝိရိယနန့်စစ်ခင်း
အိမ်နန့်အလုပ် အလုပ်နန့်အိမ်ကလွဲကေ ကဗျာဆရာ
စာရီးဆရာဖြစ်ချင်လို့ စာဖတ်စွာကား မဟုတ်ယေ။

အယှင်းမလင်းသိကေ နားလည်အောင်ပြောပါမေ
အေဒီ ၇ ရာစုဧ အမင်စောပြည့်ညိုစစ်ခင်းထဲ
လောက်မျိုတိ များပါရေ
မြို့သြစာလိုလို့ သဘာဝရင်းမြစ်ကို တဖေ့ချေချကျွေးချင်ရေ
ကောင်ပါ
ခက်ခဲကြမ်းတမ်းရေ အူမတမြောင်းကိုလှော်ယင်း
နားချောင်းမပါသောနားနန့် မျက်စိမှုန်ရေ အကျွန်စွာ
ဒေအရိပ်ကိုထွင်းထုဖို့ လူ့အရီကိုချုံလို့
လူတန်းစားကျင့်ဝတ်ကို နားမလည်သိရေ လူ။

မယှင်းမလင်းမိုက်ရိုင်းသော အလျားတွန်သံထဲ
Password ကြားညှပ်လို့
ကြုံကြုံဖန်ဖန် သတင်းဝင်မီးစရာလား ဒေါသ
သုံးနာရီဝင်ထိုင်ရေစာတကြောင်းမာ ဈာန်ကို ဝဲမှတ်လို့
ထည့်ရေ
ထိုလွန်ခရေကိုးနှစ်က ရိုးမကိုနောက်ခိုင်းလို့
မရဏဂီတကို အဘာတီးခတ်ခ
ဖဝါးအက်တချက်ခွတ်ကြည့်ရေ နီလှန်းဆားတမုံမနောထဲ
ဖိနပ်ပြန်မစီးသိသောညည့်သိုးဝတ်တောင်ဖံခတ်အမြင့်ပျံနှုန်းမာ
အဘာကိုမွတ်တေ။

ပြည်စက်စက်ယိုနီသောခြည်ငင်သမိုင်းထဲ
အရီတရှားမိုးလုံချင်ခရေ အကောင်
ဒါတုဗေဒနန့် အယ်လ်ကိုဟောအဆိုအရ
ဖုန်းထဲကသူ့အသံစွာ အကျွန့်ကိုစီးပွားရီးဆန်စီရေ
ဖီးကင်းဖို့ညောင်ရီအိုးထိုးရေ အမိအသံစွာ

သံလိုက်ပိုင်ကပ်လို့ ၁၁ မီးငြိမ်းစီခ
ငါးနာရီသီလို့ စိတ်ကိုအစာမကျွေးဖြစ်တေခါ
တဏှာတိမ်းလိုက်တေ။

တနားက ကြော်ငြာတခုဝင်ပူး
ပျိုင်ဖို့ကိုကြောက်လို့ ထီးတလက်ဝယ်ဖို့ကြိုးစားနီသူပါ
ချစ်သူ။

တဆတ်ဆတ်ပါးလှာရေ ပက္ခဒိန်မာ
ပိုးဖဲသားနန့်ပြုလုပ်သော နောက်ဆုံးတရွက်စွာ
အဖြူထည်သက်သက်နန့်မင်းရင်ခွင်ကိုစမ်းတစက်ဖြတ်လိမေ
သစ္စာကိုအခြီခံလို့
မေတ္တာကို သံယောဇဉ်နန့်ပေါင်းဖတ်လိုက်တေခါ
ကမ္ဘာဦးအစက အာဒံနန့်ဧဝစွာ ငါရို့တိဖြစ်ကြောင့်
သံသယပွားစရာ မလို။

ဇာဖက်ကကြည့်ကြည့်
လှန်ကြိုးတပင်နန့် တစိပ်မှည့်သစ်သီးကချိုပါရေ
ခေါင်းလောင်းကိုညီးလို့ ကျောင်းဆက်မတက်ချင်ကောင်က
လူမိုက်ပါ
သခ်နိုးစာများသောဝေါဟာရထဲ
ဖြေဆိုမှုအလုပ်က အောင်မှတ်နန့်ပါးရေ
အာဂန္တုမလာရဆိုင်းဘုတ်ကို ရိုးမမာကပ်ကေကောင်းဖို့လား
ကြက်ပျောက် ငှက်ပျောက် ပျောက်ရုံကလွဲလို့
အတောင်ကျွတ်မြောက်ဦးမာ ဖုံဆောင်းဆောင်း

သွက်သွက်ခါခါရှုးနီရ နန်းရာကုန်းလေ့ သူ့ကိုသူတယောထိုး
ငိုနီယင့်။

ခြီသံလုံလူမှုရီးက ကုန်စီးကွက်အတက်အကျနန့်ဆိုင်လီဖို့
သရဏာဂုံဝီဆာလို့ ပြင်မရဥပမာထဲ
ဇက်မုန်းသောမြင်းတကောင်ပိုင် နဖားထိုးကျောင်းဖို့
ဇာစိစစ်ရီးနန့်မဆို ဝတ်ပြုတတ်ရမေ
အကျယ်မချယ်ချင်လို့ အကျဉ်းချုံစိကပ်လိုက်တေခါ
ကဗျာဆရာဖြစ်ချင်လို့ ကဗျာရီးခြင်းကား မဟုတ်ယေ။

၂၄,၅,၂၀၁၆

## လောကသားကောင်

ပထမအဆိုအရ
ခွက်တချက်မြှောက်တိုင်း ထောင့်ကျကျစားပွဲက
အမျိုးသားရီး အော်ရေ
မှုန်ရီ မှုန်ဝါး ရီချိန်တက်မှုက နိုင်ငံရီးကိုတိုးအားပီးလိုက်တေ
အဝေ သူငယ်ချင်း
မင်းရို့တိလုပ်ဆောင်မှုက ချီးလောက်ပင်ညွှံ့ရေလတ်။

ဟုတ်လီဖို့
စိတ်နန့်ခတ်လို့ပြိုလားရေ ဇိမ်ယစ်ကမ္ဘာမာ
သူ့အသံစွာ ရောင်လို့အစွန်ဆုံးပ
အသစ်စက်စက်အဖုံးဖွင့် ချခင်းလိုက်တေ၂၅
ပြားတန်တရွက်က
လူငယ်တိအမျိုးသားရီးအားနည်းနီကတ်တေ
ဝမ်းနည်းစရာလတ်။

အော် ဟုတ်ပါယင့်

ခေတ်စွာ လည်ပတ်မှုအားနည်းရေ
တခုနန့်တခုပေါင်းစပ်ဖို့ ဗလာကိုတံဆိပ်ကပ်ချင်ရေ
ငါစွာ
တပတ်လောက်အကြာ
စိမ်းစိမ်းဖတ်ဖတ် သူနန့်လားတွ်ရေ
အစ်ကိုကြီး အမျိုးသားရီးပုံ့ပိုးမှုလုပ်ဆောင်နီကတ်တေ
စေတနာဟိသလောက် ဒုတိယဘုရားကို မစပါပလင့်
အာ, အာဝေ ညက Rose ဟိုတယ်နားက ကလပ်မာ
ဒါဒေါင်ကျလာစွာ ပြန်မဆပ်ရသိဆိုယင့်။

အလင်းစွာ အယင်ကနန့်မတူပါ
အညွန့်ထောင်တီးဝိုင်းငှ အားမကောင်းရခြင်းမာ
ကိုယ့်ကိုကိုယ်ချီးဆိတ်တေပုလင်းတိ လူရာဝင်နီကတ်စွာ
အကျွန်က လော က သား တယောက်ပါ။ ။။

# သို့ !! ကဗျာ

တဦးတယောက်ဖွားလိုက်တိုင်း
"ဝှက်" လို့
အသိအမှတ်ပြုခြင်းမခံရ။

ဖြစ်ပုံက
ကြိုးကြိုးချင်းမှားတပ်သောဥပဒေမှာ
ဆာလောင်မှုတိ ရပ်စွန့် ရွာစွန့် ထင်တလုံးနန့်အန်ချ
ရပ်ပြစ်သျှစ်ပါးထဲ ရန်သူမျိုးငါးပါးကိုမွီးစပ်
တရှိရှိဖြိုးမောက်ပါလတ်တေ မောဟမာ
အဂတိပွင့်ရေ။

စင်စစ်
ပူးဝင်စီးသော ရှိ နောက် လွဲတပ်မှု စာမျက်နှာ
အရောင်ခပ်ညှိုးညှိုးနန့် ရဲတင်းလိုက်ပုံများ
သူနန့်သူ့ပတ်ဝန်းကျင်က ဂေါင်းဗန်းကိုမချ
အခိုင်လိုက်ဒုစရိုက်တိ တဖြောက်ဖြောက်ကြွီလိုက်တေ
ဇရပ်စွာ အနှစ်ထဲဝင်ပုန်းနိုင်လို့လား။

ဇာတ်
အကွဲစတိလုံးဝမပါ
သပ်သပ်ရပ်ရပ်ကလိယုဂ်ကိုယ်ဝန်ဆောင်မှုများ
တရက်တခါ ဇာပဝါမချုံဖူး
စုတ်တချက်နန့် ကိုယ်တုံးလုံးကျွတ်ဘယ်ညာစီးမြစ်တစင်း

သံဝေဂတိ ပုံနှိတ်ဖန်များလာလို့။

မူ

မီးခွန်းနှစ်ခု ဘောင်ကျော်မတက်ရ
ပလပ်စတိတ်ကိုယ်အိမ်ထဲ နှီတေးသွားကျွံကျနီလိုက်ပုံ
ထော . . .
တန်းခါးမဟိ ဓားမဟိ လာပါ စားပါ တီးမှုတ်ပါလတ်။

အမိန့်

တရီးနိုးလမ်းထွက်လျှောက်တိုင်း
ရုပ်သိမ်းခွင့်မပါသောပါးစက အကြွီကိုပြန်မအမ်းကေ့
ဓားထိုးခံယဉ်ကျေးမှုနှ လွဲမှားကံကြမ္မာတိ
အသက်ကယ်ဆီးကြောင့် တောင်တန်းနန့်ဝီးရာကိုခွာရ
တောပန်းက အလီးထိုးပထမစျာန်နန့်ပျော်လို့
သင်္ခါရအစက ပြာဟောင်းဟောင်းပလက်ဖောင်းရို့ခမျာ
အဝီစိသုံးပါးထဲ လက်ဖြောင့်ဝင်လားယင့်။

စီရင်ချက်

အစိမ်းကအဖြူ အဖြူက တိုက်ပုံပြောင်းသောခေတ်မာ
လက်ဖြောက်တချက်အတီး ပြစ်မှုကဖုန်ခါထလာရေ
လက်သည်ခံမပေါ်သော စစ်သုံးဗန်းများသလောက်
ဥပဒေကိုလူ့ချမ်းသာက ဟိုတယ်အဖြစ်သုံးရေ
ပေါ်ပြူလာထဲဝင်ကသော ငြိမ်းချမ်းရီးများသလောက်
အိုးပစ် အိမ်ပစ်တိများလာယင့်။

အမြင်

ဆိုးညစ်ညစ် သမိုင်းတအုပ်ပင်ဖြစ်စီ
မလွဲမယှောင်သာ(သို့) ယှောင်သာ
အကျပ်အတည်းကြောင့်စီးကျလှာသော ဒုက္ခ သုခ
အနု အရင့် အကြမ်း
မတရားမှုအားလုံးကို အမြစ်လှန်တူဆွ
အဟိကို အဟိအတိုင်းရဲရဲဝံ့ဝံ့ မှင်အန်ချတတ်စွာ
ကဗျာ။

သို့ !! ကဗျာ

တဦးတယောက် ဖွားလိုက်တိုင်း
"ဝှက်" လို့
အသိအမှတ်ပြုခြင်းမခံရ။ ။

## ဖြစ်တည်မှု မှတ်စုများ ၉+၁

(၁)
အမှောင်တဝက်နန့်ကျယ့်ူး
ပွင့်ဖတ်အားကောင်းသောအရုဏ်တိုင်း
ခေါ်သံ အော်သံ ငိုသံတိ
ဒုက္ခသစ္စာထဲ နိမ့်ဝင်လားခယင့်။

အမှားမသိသောနောင်တနန့်ကိုယ့်ကိုကိုယ်
အနက်ထွင်ကြည့်ရေ
အမြင့်ဆုံးတီးခေါက်သံတိစွာ
တိမ်အို တိမ်ကြမ်းတိဖြစ်လို့။

မြင်နီကျအရိပ်တိ အလျင်ကထက်မူဝါးပါလတ်တေ
+?- တွက်ခြီး အပွီးအမျှင်တိစွာ
နဂိုထက် ကျစ်အားကောင်းလှာရေ။

အိန် . . .
ဘဝတိုင်း ဘဝတိုင်းမာ
အညှာလွယ် မဖူးပွင့်ရပါလိုင့်။

(၂)
ဘယ်ဖက်ရင်ဘတ်က အလွမ်းစွာ

တဆတ်ဆတ်ပိတောက်နန့် ရောထွီးပါလတ်တေ
အခါမသိသောညစွာ ရှည်လျားစီးဆင်း
နားနန့်ကြားခွင့်ရလိုက်တေ အတွေးမာ
အမှောင်ဆုံးပန်းတိ ပွင့်ရေ။

အခေါက်ခေါက် ပြန် လှန်ချိုးလိုက်တေနိစွာ
အယင်ကလောက်မပါး
ကျစ်ကျစ်လစ်လစ်ထုံးဖွဲ့သော ပုံရိပ်ဥယျာဉ်က
မိတ်မဖြစ်တေနှင်းကြောင်း ခြောက်သွို့နိုင်လွန်းယင့်။

နာမ်စွာရုပ်နန့် ဦးသာစိန်ပန်းလေ့မကျ
ကိုယ်တခြမ်းမာ သင်္ချိုင်းဟုတ် ပေါင်း နှုတ် မြှောက်ထားရေ
အသားကိုလိုလို့ မီးငြိမ်ဖို့ဖောက်ခရေ ဒေလမ်းစွာ
ရိုင်သမ်တိ ကိုယ်တခြမ်းပြည့်လို့။

ဖနောင့်ရာတိနိမ့်ဝင်ပါလတ်တေ ၂၀၁၆ မာ
အမင်စွာ အလျင်ကထက်မျှော်ရေ
အသစ်စက်စက်အာဟာရမာ တံဆိပ်နှိပ်ကြည့်ရေ
Alarm စွာတခါလေ့ ငါ့ကိုဖွင့်မဖတ်။

(၃)

မိုးလင်းတိုင်း မှင်စွန်းသောမိသားစုဘဝက
သုညကို ဖွင့်ဖောက်ကြည့်လိုက်တေ
သင်္ချိုင်းမတွိသော ရှည်လျှားမုန်တိုင်းတိ
အင်အားအကြီးဆုံးပါ အမင်။

နှစ်ထောင့်တခုနှစ် ကမ္ဘာကြီးကိုမိတ်ဖွဲ့ရေမိုးကြား
ဆယ့်ငါးပြားနန့် အာဟာရဖဖူးရေ
မကြာပါ
အဘာနန့်ချစ်သူ ထွက်လားရေနိက
အပြီးအလွှားဝေဒနာလာဖူးရေ အကျွန့်ကို
ရှုခင်းသာလမ်းစွာ သူနာကုဆရာတယောက်ယေ။

ယင်းပိုင်နန့်
နီသာချိန်မိတ်ဆုံစားပွဲအတွက်
ပွန်းပဲ့မှုကိုအချောသတ် ဂူသွင်းချင်လို့
အမင်မျက်ရည်ကို တန်းထားခင်းခရေ
လီလှိုင်းကအမင်နန့်သား စိတ်ကြိုးဆက်လှာစွာ
ဂုဆို
ဥတုနှစ်ဆယ့်လေးလီတိုင်ပျာထော
အနာဟောင်းကို သပုံနန့်ဆီးဖွပ်
လူအထဲက လူ့အဖြစ်ကိုရှာဖြစ်တေ အကျွန်စွာ
မကြာခင်အမင့်အပြုံးကိုပန်ဖို့ ‘လ’ကို မိတ်ဆွီဖွဲ့လိုက်ပါဖိ
အမင်။

(၄)
ကြည့်လိုက်ကေ
ရွှက်ဝါကြွီတိ အိမ်ပြန်မလာနှိုင်ကတ်သိ။
အဟောင်းကိုစွန့်ကြဲဖို့ စရိုက်ပျိုးကမ်းကပါးလှာရေ
ဖုံးဖိမနိုင်သော သဘာဝရင်းမြစ်တိစွာ
ရိုးမနန့်ဆက်နွယ်မှုဟိရေ။

နို့ရှာပြန်လမ်းမှာ တဖြုတ်ဖြုတ် ကြီးမွှမှုကို
ပတ်ဝန်းကျင်က သတင်စကားပါးပါရေ
နက်ဖြန် သန်ဖက် သကြဇ်အကျီလဲဖို့လတ်
ဒေနှစ်ပိတောက်စွာ ငါ့မိတ်ဆွီကားမဟုတ်ယေ။

အားမလို အားမရ
နာရီအိုတလုံးထဲ သက်ပြင်းရှိုင်းရှိုင်းတိထိုးထည့်
မိုးလင်းဖို့စောင့်ရစွာလေး ညောင်းရေ။

(၅)
ပြန်လမ်းကိုပြုန်းခနဲ့ ထလားနှိုင်လောက်တေ
ခုနှစ်ဆယ့်သုံးမှတ်တိုင်ကျော်က
အချိန်ကိုက်ထွက်ကျလှာရေ အမင့်စကားသံတိမာ
လိုချင်မှုတိပါရေ။

တစုံတခုက အိပ်မက်ကို ဆန္ဒနန့်ရင်းဖောက်
မြီတလှမ်းနောက်ကျကျန်နီရခြင်း တူးဆွမှုတိုင်းမာ
အိမ်ထောင်စုစာရင်းစွာ လားမြဲတိုင်းကပ်ပါရေ
တချက်စောင်းအကြည့် အရာထင်းပက်ခုံးကိုမြင်မိရေ
အကျွန်စွာ
အချေခါ သမားတော်မဟိစွာလေ့ နာရေ။

ကိုယ်ဆို ကိုယ်တီး ကိုယ်ပြရေ ဇာတ်ညွှန်းမာ
၅၂၈ ကို ပွဲထုတ်ချင်ခရေ ငါ
ပျော်ရွှင်မှုအားလုံးကို အမှောင်ချလိုက်တေ
(ဒေနိတော့ အမင်ပီတိဖြာလိမေ)

(၆)
ပျော်ရွှင်မှုတိ အိတ်ထဲကခုန်ပေါက်ထွက်လားချိန်
ကိုယ့်ကိုကိုယ် ငုံ့ကြည့်လိုက်ခါ
သံသရာညစ်ိုးမှာ အတွေးသန္တာန်ဖုံဆောင်းဆောင်း
ညှိနဲ့အထွီးပြတ်နန့် ပလက်ထိုးခံရစွာ ပူရေ။

ဆောင်းက ဆောင်းပိုင်မနီလို့ နွှီကိုကြုံမိရေအမှား
ဆာဒါးဟင်းချိုတိ ဒေပိုင်ငန်တူးဖို့ "လ"ယစ်တေနိမာ
မွှီးဖွားရရေလို့။

အဆုံးထိနှိတ်ကြည့်ကေ
ဗလာကျင်းစက္ကူတရွက်မာ ပေ ကျံ နီရေအထင်း
ကလိုရိုးတခွက်နန့် စွီးနှုန်းတည့်ဖို့လားယေ။

အမှန်ဆို
မျက်အိမ်မာ မျက်ခွံမဟိရေ အမှန်တရား
ဇာတိရုပ်ကို ဇာခွက်နန့်အပြည့် ခပ်သောက်တတ်ဖို့လေး
ရလဒ်တိုင်းမာ သင်္ကေတတိ ပြုစားခံနီလို့။

အမှန်စွာ အတုကိုကိုယ်ဝန်ဆောင်လို့ မနှီးထွီးရေရာသီ
နားအီး ပါးအီး ကိုယ့်အရီကို ကိုယ်ချုပစ်တေ
အူး
စပ်လိုက်တေ ဖြစ်ခြင်း။

(၇)
ကြားလိုက်တေ

ပြန်ဖတ်ခွင့်မရရေ သံယောင်လိုက်မိုက်မှားမှုတိ
ဖောင်းဆို
ဘီယာဗူးကိုကောက်ဖွင့်ပစ်လိုက်တေ
အော် . . .
အရောင်ပြောင်းမှုတိ ကမ်းကွာစီခယင့်။

မဟုတ်သိ
အသိတလုံးကို ကွိကောက်မှုက ဖြောင့်ချက်လာပီးရေ
လာလမ်းကိုကြည့်ပါ
အမျိုးသားရီးကိုလမ်းခင်းပါ
အနာကိုဆီးထည့်ပါ
အတိတ်ကိုလျှော်ဖွပ်ပါလတ်။

မလိုက်ဖက်သောဥတုကို သတင်းစကားပါးရဖို့
ပါးနပ်မှုနန့် ကြိုးစားခြင်းအစမာ
ကိုယ့်ကိုကိုယ် စစ်တမ်းကောက်ကြည့်ရေ
ရက်မှားဝင် ပြုကံတရားတိ
အစိမ်းချိုးခံရစွာ ဒေပိုင်လေ့များများစားစားလား။

(၈)
ထိန်းချုပ်မှုတိုင်းမာ အသံတိအိမ်ဦးနတ်မဖြစ်
အယင်နန့်လက်ဟိကို သရနန့်ပေါင်းစပ်ကြည့်လိုက်တေ
တဒေါက်ဒေါက်နန့်တပတ်ချင်း လိမ့်တွားအခြီယိုင်ခြင်းများ
ဟာသမပါသော ပျက်လုံးမဲ့အနှစ်သာရတော့ဖြစ်ယင့်။

အရည်စစ်ခြောက်သွဲ့ရခြင်းမှာ ဗလာစွာနံပါတ်တစ်
စီမံကွပ်ကဲနီကျ အယဉ်ဝင်ဒုဂ္ဂတိကြားက
နီရာချင်း အစားထိုးရှန်းကြည့်ခါ
ဝီးကွာမှုတိ ကြွင်းကျန်ခြင်းကိုမဟိ။

လမ်းတလျှောက်စိုစွတ်စိုစွတ်နန့် မှုန်ဝါးလိုက်တေပင်
အပြင်ကငြိတွယ်သောလောကမှာ ရှာသွန်းမှုတိကမ်းမမြင်
အချိန်ပြည့် အလိုလိုက်စီးမျိုးခြင်းတိစွာ
ဆွဲနှုတ်ရခက် သတိဝင်မှတ်တမ်းတပုဒ်ပ။

(၉)

သံပတ်ပီးမအားရေ တပိုင်းသီနှလုံးခုန်သံတိ
တဆစ်ဆစ်ကိုက်ခဲသော ထင်ဟပ်မှုနောက်ကြောင်းမှာ
ဒုတိယဘုရားကလွဲလို့ ဇာအရာလေ့ နမ်းတတ်အောင်
မသင်ဖူး
ပြောင်းပြန်လှန်ချိုးပစ်တေ ဒေကာနက်ကျိုင့်
အဝတ်ပြောင်းစနစ်ကိုခြီရေ။

ပြန်မလာနိုင်သော နုပျိုခြင်းအသစ်တိ
အဖြစ်ကို ဇာလောက်တောင် ပေါင်းရခက်နီဖို့သိလေး
အစာပြန်နိုးကြွမှုကို အဂင့်ပင်မုန်းယင့်။

သုံးနှစ်တာခန္ဓာပေါင်းကြေးကို အနာဂတ်တွက်မြှုပ်နှံ့
ခံယူချက်နန့်လက်တွဲ လွဲချော်ခြင်းအနိစ္စမှာ
ဘယ်ဖက်ရင်အုံကအိပ်ကပ်စွာ လီသတ်တိုင်းတဖြုတ်ဖြုတ်

ဒီဇိုင်းနာကုန်ကြမ်းက ပိုးတပိုင်းကျလို့
အမြင်တဆုံးတွက်ကြည့်
ယင်းပိုင်နန့်
ကိုယ်ပေါင်းစိတ်ခွာဗီဇာက မှင်တနှစ်စွန်းလားရေ။

ခံစစ်နန့်ထိုးဖောက်သောနှစ်ကရှည်လျား
ဖြစ်ချင်မှုက ညည့်ကိုအရီခွံခွာဝတ်တေ
သောက်တတ် စားတတ်ရုံကလွဲလို့ စည်းကမ်းကို
အရောင်မဆိုးဖြစ်
ပီးဆပ်ခြင်းနန့် အချိန်လု ပုံဖော်မှုတိုက်ပွဲမှာ
အချစ်စွာ ဘဝဖြစ်လှာရေ။

(၁၀)
ယင်းပိုင်နန့်
လောဘစွာ အိမ်မွီးတိရိစ္ဆာန်ဖြစ်လှာရေ
ယင်းပိုင်နန့်
၂၄ နာရီလုံး မျှော်ကမ်းကိုပါးမြဲတိုင်းပါးရေ
ယင်းပိုင်နန့်
ကိုယ်တွင်းအောင်းအပူမှာ အဖျားပိုးတိပါရေ
ယင်းပိုင်နန့်
အဿပြာစွာ ဟိုမုန်းဓာတ်များရေ
. . . . .
. . . . . . . .

ယင်းပိုင်နန့်

ငါစွာ

သင်္ကေတအတုကို မာတိကာထဲထည့်ဖတ်
သချ်ာမနိုင်သောပုစ္ဆာက
အရိပ်တဆန့်စာ စကြာဝဠာထဲ ခုန်ချကြည့်လိုက်တော
ကမ်းပါးယံထက် တွဲချိတ်သောလတစင်းပမာ
အနာတိ အားရကောင်းထမန်း လင်းယင့်။

မှတ်ချက်ချလိုက်တော
အနံ့မပါသောကာလပေါက်စျိုးကို တခမ်းတနားပြသ
လူမှုရိုးနန့် စီးပွားရိုးက ပဓနကျရော။

ကယ်ရီယာရွတ်ကွင်းဆက်နန့်"ငါ"ငှချစ်လှစွာသော
မီးပြတိုက်သည်
နတ္ထိသံသရာမာ ရီကြိုင်လို့မြက်နူနိုင်ဖို့
သမိုင်းအတုကို ကျက် မှတ် နီရစွာ
ဒေတဆောင်းတော့ အနန္တကိုနှစ်သိမ့်လိုက်အုံးမေ။ ။။

၃ ,၅ ,၂၀၁၆

## ၁၁၄၆ အစ ၁၁/သီအိုရီ

နောက်ဆုံးပေါ် ဗားယှန်းဖန်တီးပုံအရ
ဇ ပ သ လေးလုံးမြောက် ပါပထပ်သောမဂြိုဟ်တလုံး
သုတ်လီချေတဟုတ်ကြဲကေပင် အသုဘဖြစ်ချင်ချင်
မိပိုင်ဖပိုင် အမွှီရပစ္စည်းဆိုလို့ ငါ့ကိုငါ ဝတ်ကြည့်ခါ
ကျပ်တေ။

မျှော်စင်ကျွန်းမာဆောင်းငွိလိုလို့ဂုဏ္ဌဝင် ကိုတရီပြန်ဦးညွှတ်
ဆာပြေမုံပြဖို့ မတွေးဝံ့တွေးဝံ့အမှောင်ကိုစည်သွပ်ဗူးလုပ်
ဖောက်ကြည့်ရေ
တခုထက်မျှားရေအဓိပ္ပာယ်ကကွယ်လို့ ပြတင်းနားလာရပ်ခါ
အမှူတွဲလဝကဖိုင်နှ ၁၁/စွာ
သူဆင်းရဲ။

အစီအစိုင်မဟိပဲ ခေတ်ကဗုဒ္ဓနန့်ယှောင်လွဲပြီးမွီးရေ
ကျွတ်ချိန်တန်မကျွတ်သော နုံနာစွဲသက်ရောက်ထဲ
တဝတကန် ငါ့ကိုငါ
မွားစားနီလိုက်တေ။ ။။

၂၀,၅,၂၀၁၆

## သူငယ်တန်းဖတ်စာ

ဂေါင်းပိုင်းမပါရေလူပျောက်ဂျာနယ်အကြောင်းပါ
ဦးနှောက်ကိုစို့သောက်ဖို့
မိုးမစစ်တေနီက မာယာကိုဘောင်းဘီဝတ်ပြရေ
မိတ်ဆက်ဖို့ဗျူဟာမာ ရီစကေရောကေကောင်းဖို့လား
အကောင်းဆုံး idea ကို ဦးနှန့်ပဲမချိုင်ဖြစ်ခကေ
အသုတ်စုံရောင်းစဖိုက ဆယ့်နှစ်မျိုးဟင်းမာ
အငန်ဓာတ်များလီဖို့။

ခိုးခိုးကြည့်ရေကောင်းကင်မာ အတောင်မပေါက်စွာ
ညည့်နန့်ရောလှာရေ
တမတ်သားလောက်ခွတ်ပီးပါဆိုမှ
လျှော့တွက်ကနှစ်ဆပြန်တောင်းနီ
အမှန်ကိုပြောဖို့အိပ်ရီးမဝရေပါးစက
ကျမ္မာရီးမလိုက်စားလတ်
အဘာလေ လူရို့လေ
သင်္ဂရုရုသ တမင်္ဂလာအဖြစ် ပေါင်းဖက်မရနိူင်ကတ်ခါ
နိဗ္ဗာန်စွာ ဒုက္ခိတိအလျှားလိုက်စီးရွှာရေ
ဖန်ဆင်းသျှင် ဆိုယင့်။

ဆက်ဖတ်ပါ မိတ်ဆွီ
အမှန်တရားသန့်စင်အိုးမာ ဖိဖိတုန်ငရဲသားက သုရာမေရိယ
ထည့်လာ
ကိုယ့်အရိပ်ကို တအာဒါလောင်းကေနည်းဖို့လား
ရာဟုနန့် ဆီးဖြစ်တေဆိုလို့
မာန်နတ်ကို နီကာမျက်မှန်လားတပ်မေ
ရီခဲနည်းသလောက် ရီခဲစိမ်မခံရေချွေးတိ သတ်သီလိုက်။

ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲကဖိတ်ဖို့ပ
ဘုရားပန်းနန့်မတည့်ရေအကုသိုလ်မှာ
လူရတ်တတ်များပါရေ
တခွက်နန့်တခွက်ပေါင်းလို့ နှစ်ဖြစ်မလာနိုင်ကြောင့်
မိတ္တူကုသက်သီဆို
စကားလုံး အသစ်အဆန်းမှာ
အရွှယ်မတိုင်ခင် အောင်မြင်မှုတိ မှောက်ခုံလဲလို့
လိင်မပါ အဖို အမကြောင့် နှစ်ရာသုံးဆယ်တနှစ်လုံး
သားမဖောက်ပီးနိုင်ခါ
၅၅၀ ဇာတ်တော်က ပဋ္ဌာစာရီကိုကြိုက်တေ
ဒေတာသုံးစွဲပုံထဲ ဟီရိဩတ္တပ္ပလုံယင့်လား။

နဂါးအရီခြုပ်ပက္ခဒိန်တအုပ်မှာ ရက် ပြီးကေ ရာဇာ
ရာဇာဆိုစွာ ခြသေ့်
အင်း မဟုတ်သိ
အိမ်နောက်ဖက်ကခွီးဟောင်သံကိုလက်ညိုးထိုးမသွန့်ကေ့
အခါးတည်လိမေ
ပရိတ်ကြီးဆယ့်တသုတ် ဇာနားကို ကျ ပျောက် လား
အပျင်းပြေတော်သော နှစ်ခေါက်လိမ်သမာဓိကို
ဉုံဂါထာမာန်းချ
ဝါကျတကြောင်းက နောက်တကြောင်းကိုခုန်အကူး
လောဘဥယျာဉ်မှာ အတ္တခူးရေ ရှင်သန်ဖို့မနား။

လမ်းထိပ်ကွမ်းယာကိုညကျကေမြည်းဖို့အဆိပ်သည်းခြီမပါလို့
အသိခြီဗီဇကို ချာလီချာပလင်းနန့်ရောစပ်
အဝင်ချောအိလို့ သရေမဟိပဲ အယှုံး ဘူ နှစ်ပေါက်
တပေါက်နန့်လားရေ ဆက်လား

တစက္ကန့်ဖျော်ဖြယ်ရီးတခုဇ္ အဂတိဆန်အနုလက်တံထဲ
အငြင်းပွားစကွဲ
တဖက်ပါအစီစိုင်ကို ဓာတ်ခွဲခန်းပို့လိုက်ရုံနန့်
သရုပ်ပြောင်းဝါဒီ အရီချုံတပါးကံသီလက
မှည့်အုံးလို့ ရင့်ကျက်နီလိုက်တေ။

လှုလှုပပနှိမ်းပီးလိုက်တေရင်ဘတ်ပိုက်စကို ဆလစ်ထိုးပြသ
စာအုပ်တအုပ်ပိုင်လှန်ဖတ်ဖို့ ကာမကိုဝိရောဓိများများထည့်
ရီမွှီးနန့်စိမ်လိုက်
စိသားကိုက်တဖဝါးစာ ခိုင်ခိုင်လုံလုံ save ထားရေ
မိတ်ဆွီ
ဒေဖတ်စာမာ
ဂျင်ဆန်းမီအပြုံးမျိုးမပါကြောင့် စကားလုံးဝါကျက
သက်လီခံလိမေ။ ။။
၂၃၊၅၊၂၀၁၆

# ကာလပေါက်စျေးနန့်ဟိုက်ဝီးလမ်းက အများဆိုင်နာမည်တလုံး

အချို့
ကျစ်ကျစ်လစ်လစ် ထုခွဲရောင်းချနီကတ်တေ
စည်းတခုကွာဟလိုက်ပုံကလေ့ ရင့်ရင့်သီးသီး။

နိဂုံးတခုအစက
ပြန်လျော်ဖို့ကြောက်တေ ကြိုင်းသံရင့်ရင့်တိ‌ေ့
ပွဲဦးထွက်ဂလုံခံလှိုက်စားခြင်းက အုံလိုက် ကျင်းလိုက်
ဒေရပ်ကွက်က ဆယ်အိမ်ဂေါင်းမပါကေမပြီးသော
တောင်းရမ်း စားသောက်သံတိ
စပါယ်ယာတယောက် လုပ်ထုံး လုပ်နည်းအတိုင်းပျာ။

ပျိုးခင်းသစ်ထဲ အတိအလင်းထိုးကျွေးပီးလိုက်တေ
လင်သီမုဆိုးမတယောက် အလွန်အရည်ကြိုင်သော
လက္ခဏာပါ
တစက္ကန့်ဖြစ်ဖြစ်မြှုပ်နှံ့ဖို့အရေး တခုချင်းချန်ခစရာ
လို လို့ လား
တိုက်မိအက်မိသမျှ နှီရှုးပေါက်သာခြင်းပျက်တပုဒ်မာ
ဆုံးရေ၊

ရုပ်ပြဇာတ်ဝင်ခန်းအရ မိကေလေ့ မိထားလိုက်ပါဖိ။

တကြိမ်တခါလောက်ဖူးခွင့်ရဖို့
အမှောင်ကိုအာရုံနန့်ကျောင်းကတ်တေ
ဒုတိယအရွယ်ပြောင်းစီးသောဖိနပ်ထဲ သူလှမ်းကိုလှမ်း
ကိလေသာတိ
တာဝန်မှအပမဝင်ရ နံရိုးပြိုင်းပြိုင်းမျဉ်းသတိပီးမှုထဲ
အယုံ့းနန့်ဆက်ကျောက်တေပွဲမာ
ဒိုင်လူကြီးရိုးသားဖို့ လိုပါရေ။

ကျွတ်တန်းဝင်အပြုံးက မြီးသားအတိနန့်နှုတ်ဆက်
ဘေးတိုက်ထောင်မရဏလမ်းက
ကုလားသျှစ်ကောင်နန့်ဝိုင်းခင်း
သစ္စာတရားထင်းလို့ ကံဆင်ဖဲကိုအပြုံးနန့်လှန်လိုက်တေ
နာနာဘာဝတကောင်ကျုံးဝင်သော
ပုဏ္ဏာသီးအများဆိုင်နာမည်တလုံး
သရတည်ကိန်းအရ သူ့အသိုက်ထဲဝင်အောင်းခါ
ချမ်းလိုက်တေနှန်း။ ။။

## ကုထုံးများမပါသော ထွက်သက်

စနစ်တကျတွေးခေါ်ခြင်းက အစ
ပါးချိုင့်ခွက်များနိမ့်ဝင်လာရခြင်းအဆုံး
တလုံးမကျန်အားလုံးကို ချိုးခေါက်သိမ်းလိုက်တေ။

ပျံ့သန်းမှုအထား အသိုအရ ငှါ့သြစာပထဝီမဖြစ်ခင်
မွဲရိုးများလွန်းသော ကိုယ်အိမ်လည်ပတ်ခြင်းအတွက်
တမိုးသောက်လုံး ဖွင့်ဖတ်ခမျက်ရိပ်တိ
တပေါက်ပေါက်ယိုစီးသောချွေးကို ခပ်သောက်တတ်ခပျာ။

အသစ်စက်စက်ပန်းစက္ကန့်ပျိုရို့ အသံတိန်းမှောက်လဲ
သချ်ာမနိုင်သော စရိုက်ပြန်သက်ရောက်တခု

မရဏာနန့်အလွမ်းသင့် ဒုက္ခများဖတ်သီအပြုံးတိ
ဆားတစွက်နီပြင်က ဆာလောင်မှုအိတ်ပေါက်နန့်
အသွက်ဆုံးအသံထဲ ရာဂကိုမီးမှောင်ထိုးကြည့်ရေ
သွီးခုန်နှုန်းတိအလန့်တကြား ခုန်ထွက်လားခယင့်။

အကြွီစတိဖုံးအုပ် လွဲချော်ခြင်းပြစ်မှုကို
ခပ်ကြမ်းကြမ်းအမိုက်ရောင်ဆမ်းကြည့်မေ
ဝါသနာမတူလို့ချွတ်လျှော်ပစ်တေလက်က ညှီလွန်းရေ
အသက်ယူပြွန်အားလုံးက ရပ်စောက်ကိုမှိုင်လို့
ဆရိန်းတိနားမကြားစွာ နှစ်ပေါင်းကြာပျာယေ။

ဥပုသ်မစောင့်ဖြစ်တေ အညွန့်တလူးလူးအကုသိုလ်ပန်းများ
တပိုင်းသီခန္ဓာနန့် သံလမ်းမာထိုးအိပ်သောရထားများ
နိမိတ်တိပြတ်တောက်ပြတ်တောက်နန့်
ဓာတ်ပျက်ပါလတ်တေ
သွီးမလျှောက်သောဥတုကို မျက်ရည်နန့်ထုံးဖွဲ့ပစ်ဖို့လား
အားနာဖို့ကောင်းလိမေ ကိုယ့်လူ။

လှလှပပ လီဗာကုန်နင်းလှာခ"ကျား"တလုံးဇောထဲ
အပတ်စိုင်တင်ဆက်နီကျ သုံးပင်လိမ်ရိုးသားမှုအတုတိ
ကောင်းစားနှိုင်လွန်းရေ။

ဝန်ခံချက် (၂၀၁၆ ခုနှစ် မတ်လ)ထုတ်
ဝံလက်ပျိုရို့သုခုမရောင်နီပေါင်းစု ကဗျာစာအုပ်မာ
ဖော်ပြဖူးပါရေ။

## ၂၀၁၆ အိပ်မက်

ကိုယ်နန့်မသက်ဆိုင်ရေပိုင်
ထောင့်သတ်
မဟုတ်သိ
ရှိမှန်တလက်ထဲ အမှန်တရားကိုရှာကြည့်ရေ
အဝိဇ္ဇာ သင်္ခါရ ဉာဏ။

တုံးတိတိကနဦးအစ ဖင်မနိုင်ဘဲ ပဲစားကြည့်လိုက်တေ
ခေါက်တုံ့ခေါက်ပြန် ဆီးလမ်းကြောင့်မတည့်လို့
တဟူးဟူး တဟင်းဟင်းနန့်
ယဉ်ပါးစ ရပ်ဝီးဆွမ်းတိတောင်သက်သက်ရှုတ်ဆန်လှာရေ
ဒေလောက် ရှိထွက်အကျုံးဝင်စရာလိုလို့လား။

ဉာတကာနိစ္စ ဉာဏ
အစင်ကြယ်ဆုံးဖောက်ထွက် တခန်းတနားကိုကွဲလို့
မှန်မှန် ကန်ကန်အလီးချိန်တိ
လိုရာစားသုံး အကြောက်တရားမဲ့ ခံရုံမှအပ
ဇာကိုခင်းလို့ ဇာနန့်တုံ့ပြန်နိုင်ဖို့လေးယေ။

တူသယောင်နန့်မတူယောင်ကွဲရေဖြစ်ရပ်တခုငှ့အစကို
ဒုန်း စိုင်း နင်း ဖြဲကြည့်
ဗျည်း ၃၃ လုံးမာအနက်မဟိကြောင့်
ဝါကျတည်ဆောက်ပါလတ်
ကြည့်စမ်
လန့်ဖျန့်ဖျန့်နိုးကျခါ အသာအယာဖုန်းခလုတ်နှိတ်ကြည့်ရေ
Power ထဲအမိရိပ်တိ မှတ်မှတ်ရရဆိုမှ
မှတ် မှတ် ရ ရ။ ။။

၃၊၆၊၂၀၁၆

## ပြဿဒါး

ရှာကေလေ့ ရှာလိုက်ပါဖိ။

လက်တကမ်းအလို ပွင့်ပြန့်နိုင်ခကတ်တေ
ငါရို့တိ
ချစ်ခြင်းမေတ္တာကို ဇာကံတရားဖြူဖြူနန့်
ပသဝ့်ဖို့လေးယေ။

တယောက်အပြုံးတယောက်ပန် တယောက်ကတိ
တယောက်ဝတ်
ယင်းပိုင်နန့်
ရင်ခွင်ပျိုးကျင့်ဝတ်တိ လီ မုန် တိုင်း ဆန်ဆန်
စီလိုရာခရီးပြင်းနှင်
ဒေသမိုင်းကောက်ကြောင်းပီသဖို့အတွက်လား။

ဆိုပါဖိ
နင်စွာ
သရတည်နှစ်အရ
အထပ်ထပ်လည်ပတ်နှုန်းလျင်နီရေလက်တံ
ငါ့ ကန္တာရညည့်ရင်ခွင်မှာ အခါလွန်စိတ္တဇမိုးသားတိ
လှလှပပ ဒုက္ခနန့်မှိုးမြကျန်ခယင့်။

# ညည့် အန်ဖတ်

ဂလိုဘယ်လိုက်ဇေးယှန်းအရစမ်းသပ်လိုက်တော့ခါ
မလိုအပ်ပဲ လိုအပ်တေပိုင်ခံစားလိုက်ရရေ။

ဇာတ်လမ်းစွာ
စိကပ်လို့အဝလန်လားရေ စကြာဝဠာနန့်ဂြိုဟ်တုကစဖို့
အကြောင်းရှို ၃၂ ကြောင်းငှ ဒုတိယမြောက်ကွာဟပုံက
နီကြင့်ကြင့်ဘတ်စ်ကားကို ဖြီးအတက်
သတင်းမီးဖော်မရသောထိုင်ခုံက ဝှက်ကိန်းတချပ်ထုတ်ပြ
ငုံ့ကြည့်လိုက်တေအစိပ်အပိုင်း ခရီးသည်အားလုံးမာ
တန်ဖိုးတခုစီပါရေ။

ဆရာဝန်အလာ မျှော်တမ်းစာရင်းပီးကေကောင်းဖို့လား
အချိုမှုနန့်မဖြစ်ထွန်းမှုကြားစိုင်းစားလို့ ဆားပေါက်နီခယင့်။

အရှိအတွက်များရေညက အယုံးလက်ကျန်ကို
ဒေနိနန့်ထပ်ပေါင်း
ယားကျိကျိဂေါင်းစွာ ဦးနှောက်ဒါရိုက်တာ ဟုတ် မဟုတ်
ဆောင်းမွှဲရခြင်းတိများလို့ ခြံဝကိုလီယှုဖို့အထွက်
အဖိုးမောင်ဖြူစာအုပ်တောင်
နာမည်အရွှတ်ကျက် ခေါ်လားရေ ဝံသ လတ်။

နယူးယောက်မြို့ခန်းနားသလောက်
အာကာမာ မိုးရိပ်ကသဲရေ
လာပါ လည်ပါ မိတ်ဆွီတုပေါ်သလောက်
မိတ်ဆွီစစ်က ယှားရေ
ဆယ်တန်းမာတဘုန်းဘုန်းလဲသလောက်
ထောမတ်စ် စတန်း အဲလိယက်ကို သိရေ
ဖဝါးတကျွန်းနန်အထွီးဆုံးဖြစ်သလောက်
ဘတ်တီးရီးယားပိုးက မျှားရေ
ဝဲသတ်ပစ်လိုက်ခါ ဂျက်စွာအလိုလိုကျလားရေ
အနတ္တ။

ရှိပါရမီမဖြစ်သောတန်းထားကျိုးတဖက်ကိုဆက်မောင်း
အဆက်အစပ်တခုချင်းစီမာ
ပင်လယ်နန့်စမျှားလို့ ပူးလိုင်းကယုတ်ညှံ့ညှံ့
Sorry တခွန်းနန့်ညှော့ဝတ်ကြိုသူ့စရိုက်ထဲ
ပျံသန်းချိန်တိ ဒေဝါရီဆန်လိုက်တေ။

တဖက်လပ်အန်ထွက်ဖို့အတွက်
ဒါတုဗေဒနန့် စမ်းသပ်တတ်ခဃာ
အရိပ်မလုံရေကိလေသာအတွက်
သံကြိုးစာမပါကြောင့် ချပြတတ်ခဃာ
ခလုတ်တိုက်မှောက်လဲသောကာလသုံးပါးထဲ
အသက်အပို ဟိခဃာ
အူတမြောင်းလစ်ဟင်းမှုအတွက်
ဖြစ် ပျက်နန့်အိပ်တတ်ဃာ
အမှန်တရားစစ်အတွက်
အဟောဒါ ရှာထားဃာ
အလိုက်မသိရေ ကံတရားအတွက်
ယဉ်ကျေးမှုသင်တန်း ဖွင့်ဖို့သိ။

မှတ်ချက်
တနားကပူပူလောင်လောင်အန်ဖတ်မာ
ပျိုးဥတိ ချော်လဲသတ်နီတုန်း။ ။

## စစ်

မျက်မမြင်ဒုက္ခိတကို ပေါ်တာဆွဲလားရေ။

အဆုံးမဲ့ယိမ်းခါသော စက်စက်ယိုလရောင်မွဲဒေသထဲ
မိနစ်ပိုင်းပေါက်ကွဲဖို့ အူဝဲအူဝဲက အစပျိုး
ကိုယ့်ဒေသနာကို ကိုယ်မဖတ်တတ်လောက်အောင်
မျက်ရည်တိ ထိုးအန်လို့
ကြို့ကြို့ ကြားကြား သိလိုက်တေ မြင်လိုက်တေ
ဆိုကတ်ရှိတမေ။

(စစ်)
နားကြားမဆန့်
ဗြီးလွှားသံများ
အော်ဟစ်သံများ
လဲပြိုသံများ
ကျယ့်ူးသံများ
အဆီအိမ့်အိမ့်နန့် အလိုက်တေဆိုမှ။

ပယောဂကြောင့်ထွက်သော သဘာဝဆိုးငွိတိမပါ
မဲအိုးထဲ လူးလိုက်ရှုံ့လိုက် မှောက်လိုက်လန်လိုက်
အခိုက်အတန့်တခုထိ ထိုးဆင်းနီလိုက်ပုံ
အယင်ကမများ ဂုပ်ိများလာပိုင်
ထော . . .
ပြောယင့် ဆိုယင့် အသစ်စက်စက်မြန်မာ့အသံက

"ငြိမ်းချမ်းရီး" အော်လားရေ။

တဖက်သတ်တီးခတ်သော တူရိယာလေးပါးထဲ
အာဏာတိ သီနတ်ပြောင်းဝမာထခုန်
သီချာပါရေ
သူ့မိသားစုကလွဲလို့ ပြည်သူ့ဘဏ်ကင်ဒီစက္ကူအချို့စွာ
အရောင်စိမ်းစိမ်းက အစွမ်းကုန်ယမ်းဖြစ်လား
စင်စစ် အနန္တအသင်္ချေကြီးမားလိုက်ပုံက
တံရှင်တိတရှားရှားနန့် တောမှန်းတောင်မှန်း သိလိုက်တေ
တခုချင်းလိုက်ကပ်ဖို့ တခုချင်းလိုက်ကောက်နီကတ်ရ။ ။

၂,၆,၂၀၁၆

## ရင်ဘတ်မီးတကြောင်းငှေ့ခွဲလက်ကျန်ရှုက်ခြောက်

နှစ်ရာ့သုံးဆယ်နှစ်ကျပ်တန် တရွက်မှာ
အကျဉ်းကျနီရေရိုးမ
သင်္ဂါရနှုတ်ခွမ်းမှာ သူ့ကိုယ်သူဇာနီမြီစာပင်ဖြစ်ဖို့ မဖြစ်
လူလားမမြောက်တေ သမီးသားအားလုံးအတွက်
နောက်ဆံတင်းနီရေသူစွာ
မျှော်နီသူလာနိုး အလှည့်အပြောင်း ခတ်ခွဲခန်းတခုထဲ
နှစ်ဆယ့်လေးကမ္ဘဌာန်းကို ရင်ဘတ်မာပန်ထားရ
ရယ်မအားတန္ဒယ်ဆင် အတိတ်တခုလုံး
ပုံပျက် ပန်းပျက် လဲလို့
ဖင်မဲမဲလေးဗူးကန်အိုးစွာ မီးခိုးပြတ်
အရှုက်မလုံခါ မျှားရေ။

အရောင်အဆင်းမာ ပူလောင်မှုကစံပြဖြစ်ဖူးခ
အရည်ပျော်ခမ်းမီးတတိုင်ထဲ မျက်ရည်ရှာသန္ဓေတည်လို့
လင်္ကာချိုတိမ်လီစွပ်တကောင်မှုသားကို
အပါးလွှာဆုံးညှစ်ထည့် ကိုယ့်ဘာသာကို တန်ဖိုးဟိ မဟိ
လက်တည့်စမ်းအယှုံးချင်းထပ်မှ မြတ်တေလို့။

ယင်းပိုင်ပျာယေ
စမ်းစမ်းယမ်းယမ်းနန့် တာထွက်ခအမွှီဆက်

မီးတွင်းသားရို့ခမျာ
နောက်ကြောင်းပြန်ဟပ်သော ပိန်ပါးပါးရာဇဝင်ထဲ
အဆိပ်သည်းခြီဖုံးလိပ်ပြာခွဲနွံတစက်က အသားမဲမဲ
အရိုးကြဲကြဲ
ဖောက်ချခံသကြဗ်တလုံး တအံ့တသြကိုဆွီးလို့။

ကျွမ်းဝင်မှုသက်သက်နန့် အမြင့်ပျံစစ်ဆင်ရီးတခုချင်းစီမာ
တပြုတ်ပြုတ်ညီးငွေ့စရာကောင်း မကောင်း
အမီးလိကျင့်ခန်းလုပ်ကတ်မေ
အမိဂေါင်းစားရေလို့ ကမ္ဘည်းတပ်ပိုင်းဖြုတ်သော
သူယုတ်အဆိုမာ ကိုယ်လေ့သူယုတ်နန့်မခြား
နောက်ဖင်လှည့် အရိုးကွဲလားရေအိုးတလုံး
အကောင်းပကတိပြန်ဖြစ်ဖို့ ကကြွပ်အိုသက်လုံးနန့်
တခါကအစချီစရာ လို မလို။

နားထောင်ပီးကတ်ငှက်ချေရို့
ပြီးကေ
ရပ်တန့်ခြင်းမဟိ
အတလိယိမ်းထိုးမျောက်ခါနီရေ လက်ကျန်ရှက်ခြောက်ထဲ
ဥသြတရာသီခန့် တေးသီဖို့ကြိုးစားကတ်လိမေ။

## အက်ကြောင်း

ရိုးစင်းသောမျက်တောင်ကော့များ‌နှ သွီးသန့်ဥယျာဉ်ထဲ
တဘဝစာပီးအပ်လိုက်မေလို့ နီးစပ်ဖို့ကြိုးစားတိုင်း
ဆန္ဒတစုံမာတွန့်ဆုတ်
အယုံးနန့်ဖက်ကိုက်ရ မီးစာကုန်ထုံးတမ်းစိုင်လာအရ
ပြိန်းပါးကရီတစက်ကို နှလုံးသားနန့်တောင်းခံဖို့
တကျွန်းပြန်သစ်တောက နီရောင်ခြည်တမျှင်မျှမဖူး။

အဆိုပါအကောင်းပကတိ ပြန်ဆက်ဖို့
နောက်ဆုံးမြင်လိုက်ရ ပန်းဖဲသမားမျက်နှာမျိုးနန့်
လက်ဟိကိုစို့သောက်ကြည့်မိရေ
ရီ လယ် ကုန်းပတ် အကျယ်အဝိုင်းတခုဆိုလား
ကြွပ်ကြွပ်အိတ်အသည်းနန့် ဒီဗိုင်းလှလှ မလှလှ
အက်ကြောင်းချေ အဝီးထိန်းခလုတ်ဖြတ်မောင်းပုံအရ
တက္ကန့်မုံပြဖို့
ဇာလို့တချပ်ပို လှီးထည့်မရနိုင်စွာလေး။

## တည်ပုဒ်မှ စကားလုံးများ

ဝင်္ကပါတွင်းနက်နက်ကြီးထဲ လဲကျလုလုလား
ပိုင်ရာဆိုင်ရာ အမိန့်ပီးသံကို ညာဖက်ကနီဘယ်ဖက်ထိ
နားစွင့်ကြည့်လိုက်ခါ ပျော့ပျော့ပျောင်းပျောင်းနန့်
အစင်းစင်းပစ်ရွတ်တေ အပါး အဝီး မြွားအစင်းများစွာ။

စစ်မှန်ခြင်းဒဿနများသို့
စောစောစီးစီးအရီတရွား လမ်းလျှောက်ထွက်ခရေ
ဆာလောင်မွတ်သိပ်တတ် သမုဒ္ဒရာကို
ဦးကံမဲဆိုင်ထဲ ဝုန်းခနဲဝဲလိုက်ခါ
ခေတ်စမ်းလက္ခက်ရည်ခွက်မာ ယင်ကောင်ကပေါ်လို
ပက်လက်
ဝမ်းနည်းစွာသုဿန်နန့် နီးခယင့်။

အဝီးမှုန်လွန်ပြင်ကျယ်ကြီးထဲ မြုပ်ခါမြုပ် ပေါ်ခါပေါ်
တု ပ အထူးတပ်စွဲလိုလားခ
သတ္တိကြွ လက်မောင်းတန်းအခါယူအရဲစွန့်မှုများ
ယောကျ်ားကောင်းမောင်းမတထောင် ကယ်တင်လိုမှုများ
ဒါန သီလ ဘာဝနာ ထိုရက်ကန်းပျို ဝါဂွမ်းနုနုထဲ
အမျှအတမ်းပီးမကျွတ်တေ အရိုင်းမိစ္ဆာဆိုးတိ
တကူကူ တမုံမုံနန့်။

ဆန်းစပုလဲကုံး နှိုးအာကာမာ
လိုချင်ချင်ခြီဆိတ်ဖို့ သက်သက်ထိုင်စောင့်စရာလား အသင်

နွမ်းပြိုကိုးကားမရသော ဒေမြိုပထဝီငှအာရကွလူသားသည်
နို့တစက်ကျေးဇူးမကင်းသူ ဖြစ်ယင့်
အဆက်ပြတ် အခြီအမြစ်ကို
ဆယ့်တလကမှတပေနန့် တိုင်းတာကြည့်လိုက်တေ
သက်စွန့်ဆံဖျား အဆိုပါ Message တကြောင်းပင်မတွိ။

ဇာ ဟန်အမူအရာကြောင့်
ငြိုးအားကောင်းခြင်းလေးမသိပျာ
တိုက်ကပ် အဖြူရောင်စာရွက်မာ
မျက်လှည့်ဆရာက ပဝါတစထုတ်ပီး
ဇာသံစိုင်နန့်လေ့ညှိမရ‌ေ မရေရာမှုကဒါသီကျ
ဘိုင်စကုတ်ကြည့်ရှုံနန့် ရောဂါမရမှန်းသိပါရေ
ပိုက်လျှာကိုအသာဆွဲ အရဏ်ကိုဘိန်းတောဆီးကျွေးအုံးမေ။

မော်ဒန်ရော တိုက်စစ်ဆင်အလံတလံ
အိုအေစစ် မနည့်မှုလား
အငွေ့ပျံ့ရီမြွီးပုလင်းထဲ တုန်ချမ်းချမ်း မြင်းကောင်ရွှီများစွာ
ဂရုဓမ္မနန့် စည်းခြားနီလိုက်တေ
အော် တည်ပိုဒ် တည်ပိုဒ်။ ။

## စာပီပိုး

(၁) ရီးစားဘဝထက်ခိုင်မာဖို့ (ရည်းစား)ကသက်သီပြခရေ။
(၂) ရီစရာပြောတိုင်း သူစွာပြုံးစိစိနန့်
ပြန်(ရယ်)ပြတတ်တေ။
(၃) နိန့်ကိုအပိုင်းစီးရာက ဝီးဖို့(နိ)ကိုရောက်လှာရေ။
(၄) ဖြိုက်သမျှအကြောင်းကို အသစ်ပြန်(ဖြစ်)ချင်လိုက်တေ။
(၅) ချိုက်တေဆိုစွာထက် နှိုင်းဆမရယောင် ပို(ချစ်)ခ။
(၆) နိန်သာချိန်တရက်ကိုမျှော်ယင်း နှစ်လွှာတရွှက်ပေါင်းဖို့
ကြိုးစား(နီ) မိရေ။
(၇) စိမ်းစားလို့ အတွက်မပေါ်တိုင်း
သူဝင်ပျှာ(စိုင်းစား)ပီးတတ်တေ။
(၈) စော် လို့ပြောလိုက်ခါ သူကအ(စွာ)ဖြစ်တောင်
ပြန်မီးရေ။
(၉) ဂရုဏာ မျက်ဝန်းနန့်ကြည့်စွာလောက်
(ကရုဏာ)ဖြစ်မိစွာ မဟီ။
(၁၀) စာပေတခင်းလုံး (ပီပီ)ပြင်ပြင်ကို ပိုးကျလို့
လွန်း ငါ့ကိုယ်ထဲ ပိုးလောက်တိ ဟိနီစွာမနား။

၁၉၊ဂျှင်၊၂၀၁၆

## ဗလာဝှန်ခေါက်ရိုး

အကောင်းဆုံးဆုလဒ်ကို သမုတ်တိုင်မာချိုင်လို့
အမြင်နန့်အိုလံပစ်ထဲ ဖြီးခုန်ကြည့်လိုက်တေ
ထွီးထုတ်ပစ်တေကမောက်ကမတိ ရာသက်ပန်လား
ထင်လိုက်တေ
ပျော့ပျောင်းလွန်းရေဒေသစံချိန်ငှ လက်ဟိ
စည်းနံရိုးတချောင်းမာ
အားလုံးကြင်းလင်းနီစွာကလွဲကေ
ဇာရှူထောင့်ကပင် ကြည့်ကြည့်
ဘောဂဗေဒသမားမဟုတ်ကြောင်း တွိလိမေ။

အားသတ္တိနန့် အချိန်ကိုက်ဗုံးတလုံးပိုင်
ဖြစ်ချင်ရာဖြစ်ထပေါက်တတ် စနက်ချော်ဖြစ်ရပ်တခုလား

အုတ်မြစ်ကန်ထရိုက်မာ သပ်သပ်ရပ်ရပ်ဒုက္ခတိ လည်ပတ်
စိုစိုစွတ်စွတ်နန့် မှောင်ရီးပျိုးကန္တာရရာသီရိုင်းရိုင်းထဲ
ကြည့်မှန်တလက်ကို ဒေသနာပေါင်းမြောက်များစွာနန့်
ဆက်ကြည့်
ပြုတ်တောက်လားရေလိုင်းကြိုးမျှင်မျှင်တိ
ထုံထုံထိုင်းထိုင်းနန့်

လက်းလှမ်းရည်ရွယ်ချက်ထဲ အရုဏ်ကြက်တွန်ပါရေ
လတ်ယှမီမစ်တော
လော့ရင့်အယ်လီဆန်
ဘီလ်ဂိတ်
အာနဒ့ဘာနတ်
အာမနီစီရိုအော်တီဂါ
အိုက်ဘာတစ်စတာ
မူခတ်စ်အမ်ဘာနီ
ဝါးရင်းဘတ်ဖတ်
ကားလို့ဆလင်းဟာယလူး
အဆုံးသတ်
ငါ့ကိုငါပြန်ကြည့်ခါ ဗလာဝှန်ခေါက်ရိုး။ ။

## အဖွင့်တခုသို့နိအစွဲများ

အသုံးအနှုန်းတိုင်းမှာ ဖောက်ပြန်ခြင်းတိ သားသားနားနား
အထူးဝိသေသလီတပေါက်စာလောက်နန့်ရီဆင်းချိုးလိုက်တေ
နဂိုပုံစံမပါပဲ အယားထူခန္ဓာတခုတော့တွိယင့်။

အစုန်လား အဆန်လား အထာများများစားစားနန့်
ယစ်ပူဇော် အခြားသောဖြောင့်ချက်တိ
ဆိုလိုစွာက
ခွင့်ပြုလိုက်ပါ
တအိုးတအိမ်ဖမ်းစားဖို့ ဟိုဖက်ဒေဖက်
ကြည့်မြင်ချင်လိုက်တေ။

အထက်တန်းဇုံတခုငှ တွေး ငေးအမှတ်ရစရာဆိုလို့
ဟင်းလင်းပြင်ဗဟိုချက်မထဲ ရီမုံနှုတ်ပိတ်လို့ ခွဲထွက်ပုံချင်း
မတူခ
ယင်းနံပါတ်ကိုပြောင်းပြန်လှန်ကြည့်ကေ
သားချောင်းခြင်းမပါ
စစ်မစစ် ပပါးချေဉာဏ်ကိုလှီးကြည့်ခါ
ကွာဟမှုတိ များရေ။

ပြောင်းပြန်တီးလို့ရရေ ကြိယာတပ်ဆင်နိုင်ကေကောင်းဖို့
လှုံ့ဆော်ဆာလောင်စိတ်မှာ လူမဖြစ်သိကြောင်း
ခေါင်းလောင်းက ဘာသာပြန်ခိုင်းရေ

လိမ္မာရီးနန့်ကျောင်းမပြီးလိုက်တေ လုံ့ချွန်နွံသရဲထဲ
ကျစ်မျှားကိုမြီပုံနန့် တလေးတစားညွှန်းပြနီရတုန်း။

တလှမ်းခွာ စဖွင့်လိုက်ကေပင် သာစွလေပါလို့မကြားမိ
လန့်ဖျန့်ခြင်းမျှားစွာ ပါသမျှရိတ်ကောက်သိမ်းလား
တင်းကျပ်သောလုံခြုံမှုထဲမာ လုံလုံခြုံခြုံ ပိတ်တေ
အစ အဆုံး တွေးကြည့်ကေ
သီချာကြောင်း စိစစ်စရာမလိုယေ။

ကြုံ့ကြုံ့ခိုင်ပစ်တိုက်ထက် မတူယောင်ဝဲရေ
မနှစ်သက်မှန်းလေ့ သိယင့်
family မဟုတ်ပဲ နာဂစ်စွာလိုင်စီလာဖက်တေ။ ။

# အက္ခရာ မျဉ်း

အယင်နန့်မတူလို့နိဒါန်းကိုနားထောင်ကြည့်မိရေ
စျိုးကြီးကြီးပီးဝယ်မရရေ မေခညပျိုးစိကို
အလီးမထားကတ်လို့လား

အရာတဆင့်တက်တိုးကြည့်ခါ
မိဖုရားစောပြည့်ညိုရင်သွီးတိ လောက်တသိုးသိုးနန့်
ကယ်သူကိုမျှော်နီရေ။

ကမ္ဘည်းတွင် အက္ခရာအတိုင်းဆိုကေ
နောက်ကြောင်းပြန်အငြင်းပွားစရာလိုအပ်ဖို့သိလား
မထင်ရ
စွန့်ကြဲ ဖယ်ခွာမရသော
ပကတိအနုယဉ်ကျေးမှု နောက်ဆုံးဥတုနန့်အညီ
မြတ်သော မှီးသောပန်းသဇင် တော်ဝင်မှတင့်ဖို့လတ်။

တခါက
မိသားစုအင်ပါယာကြီးထဲ
မျိုးတူကိုယ်ပွားဖြဟ္မီနန်းသုံးပန်းတိ
ထီးထီးမားမားတောင်တန်းနန့်
လက်ာချို မြတ်ဓမ္မဒေသနာတော်တိ
ရှိဖြစ် နောက်ဖြစ်ပြောတတ်တေ
လီချွန်မပျက်ကျောက်ဆတ်ဗိသုကာတိ

နှစ်ပိုင်းကျိုးတီးလုံးထဲ ရုပ်လား နာမ်လား ဝီခွဲဖို့
ခက်လိုက်တေ။

အစိုင်အဆက်ပြေပြစ်သော သက်ကြီးစကား သက်ငယ်ကြား
ရှိနန့်ကွပ်သမိုင်း
ပီတိမပါပဲ ယမမင်းတီးဝိုင်းနန့် ထွက်လားစွာ ကြာပျာအဖိုး
အတောင်ပေါက်ဆိုးအမွီတိ ချပ်တိုက်လာအက်ခါ
အခါးပြယ်ပျားရည်ရှိ ရက်ရက်စင်စက်ငိုရေ။

ကံနန့်ကံအတည်ယူထုတ်လှန်းဖို့ မြီသားမရွှတ်တရွှတ်တ
ကွက် ရလိုက်တေ
ဆိုကေလေ့ . . .
တဟောင်ဟောင်အနားမကပ်နှိုင်အောင်ထိ
အော့ထွက်သောဖြစ်ရပ်လား
ရှိပင်ကြီးအောက် ရှိပင်ချေတိ ဇာကြောင့်မပေါက်လေ
သိချင်စွာ အနာနန့်ဆီး ဝီးလို့
သျှင်မြဝါမော်ကွန်းတောင် မြောက်ဦးထဲမဟိယာ အမိ။
ယင်းပိုင်နန့်
ရီသောက်မြစ်တခုမာ မိခင်နို့တိ သွီးရောခြင်းများလှာရေ
ယင်းပိုင်နန့်
ဂန္ထဝင်မြောက် ယဉ်ကျေးမှုရိုးရာတိ အနောက်မော်ဒယ်
ဆန်လှာရေ
ယင်းပိုင်နန့်
ဇာတိရုပ်လုံးတိ တဖြောက်ဖြောက်ကြွီရခြင်း များလှာရေ
ယင်းပိုင်နန့်
သန့်စင်အိုးတလုံးမာ လက်ာမြောက်မှုသားတိ

အရှင်လတ်လတ်စီးဆင်း
သံသရာပတ်လုံး ရထားဆွဲဥသြသံတိ
လိပ်ပြာမလုံနိုင်ခမနား။

နှိုးနှိုးထိုးထိုးကြိုဆိုဖို့ နှုတ်အနီကတ်တေ
မြုပ်သတ်ခံ ဘာသာဗေဒထဲ
တဝတကန်အရဏ်တက်အိပ်မက်တိ အချင်းချင်းကွဲလို့
အရည်ရွှမ်းရွှမ်းနန့်
မလိုမုံ့ယွှဲ့သော ပြာနှမ်းနှမ်း ဥပေက္ခာကြားမာ
ပတုံးပြတ်ကြားလယ်ဂေါင်တချပ်ငှတိုးဝင်ပါလတ်တေ
အက္ခရာ ဒေမျဉ်းစွာ
လူမျိုးတမျိုးအတွက် အဓိကလက္ခဏာဖြစ်ချင်လေ့ ဖြစ်ဖို့
ရည်ရွယ်ချက်တိပါရေ။

အမှန်ဝတ်ပြုလို့ဆီးထုတ်ပစ်ချင်ရေဆန္ဒမာ ပေကျုံခြင်းတိမပါ
ခူးပြီးသားထမင်းကို ဂိုဏ်ဟန်အပြည့်နန့်
မျိုးတဆက် မှိဝဲစီချင်ရုံမှတပါး
တခြား တခြားသော အသွင်ပြောင်း ရုပ်ဝတ္ထုအချို့
စိမ်းစိုချင်ရုံမှ တပါး
တဖက်ချွန်ဝါဒ ထုံးဖွဲ့ပုံမပါရေ ကလောင်သစ်မြောက်များ
စွာတိ
အဆက်ဆက် ထွန်းကားစီချင်လို့
မျဉ်းအက္ခရာ အက္ခရာဒေမျဉ်းကို ရီးဆွဲခွင့်ရစွာ
သီပျော်ရေ အဂင့် သီပျော်ရေ။ ။

# ဆုံလည် မှောက်ခုံ

တခုမှာ
သုံးရာ့ခြောက်ဆယ်ဒီဂရီ တိုးပါရေ။
နှစ်ခုမှာ
သင်ရိုးညွှန်းတမ်းတိ ပစိဖိတ်သမုဒ္ဒရာနန့် ဆက်လို့။
သုံးခုမှာ
ကြောင်တောင်လင်းမျက်လုံးက အညှက်ကိုထွပ်ကြည့်ပါ။
လေးခုမှာ
နောက်ကုံးထက်နို့ခေါင်ခေါင် မိုးမဟိ။
ငါးခုမှာ
ဓာတ်ဆားရည်တဗူး အချိုပြတ်ပိန်လိုက်တေ။
ခြောက်ခုမှာ
နှစ်နှစ်ခြိုက်ခြိုက် ကျင့်ကြံခြင်းတိ မဇ္ဈိမပဋိပဒါကိုမတွိခ။
ခုနစ်ခုမှာ
ယှောင်မရ အခွန့်ရှည်ဖို့ ကျိန်းသီရေ။
သျှစ်ခုမှာ
ဝါးတပြန်တွက်ချက်တိ ရှိုကိုမြင်ခပါယင့်လား။
ကိုးခုမှာ
အရှယ်လွန်သစ်သီးတလုံးထဲ အနှစ်နန့်အကာ
အနှစ်က တလိမ့်ချင်း လှိမ့်ကွာနီခရေ။
တစ်ဆယ်မှာ
ပွပွရောင်ယင်သီကောင်ပေါင်များစွာ
ဇိသျှင်မကယ်လို့ နုံနာစွဲနီရေဆိုလား ထင်စွာ။

ဆယ့်တစ်မှာ
မျိုင့်ခံနီလိုက်ကေ ရီစက်ဆုံရိုးမကို နောင်လာနောက်သား
မတွိဖြစ်။
ဆယ့်နှစ်မှာ
အထုပ်အပိုးများရေ ဒေသန္တာရခရီးမှာ ပေါင်းကူမှုတိလိုပါ
ရေ။
ဆယ့်သုံးမှာ
တောမကျွမ်းသော ယုန်ထောင်မုတ်ဆိုးစွာ
ဗေဒင်အားကိုးနန့် ဆန်မာန်းလားကြဲရေ
နဂိုပုံစံနန့် လုံးဝပြန်မလာ။
ဆယ့်လေးမှာ
သဘာပဓိကြီးများ ကာကွယ်ဆီးပြင်းပြင်းသောက်ဖို့
လိုလိမေ။
ဆယ့်ငါးမှာ
ဝမာလုံးတင်မပါသော တင်ပြမှုကိုနိဂုံးချုပ်လိုက်ခါ
မျက်မှောက်လေ့ ရှိတွက်မရအောင် နက်တေ။ ။။

## သုခမြို့တော်

အမြင်မာတမျိုးဆန်းကြောင်းဆန်းလိမေ။ သဘာဝတရားနန့် တွေးခေါ်မှုစနစ်စွာ ဒေလောက်ကြီးမြတ်နီလိမေလို့ မထင်ရ။ အမှန်လေ့ အချိန်ကာလဟောပြောချက်ထဲ သစ္စာတတိုင် စိုက်ထူနိုင်ကတ်စွာပင် အံ့ဩလို့မဆုံးနိုင်အောင် ပီပြင်နီခယင့်။ ငြိမ်းအီးရေ ဘာသာစကားကျွမ်းကျင်မှုနန့် ထို့အဝီးမာ သိုက်မြုံတခုစိမ်းစိုလို့ သာသာယာယာလှပ။ မှတ်တမ်းအရဆိုကေ ဇူဇာဖိုးဖီးရို့ အဥ္စနမြစ်ဖျားခံ သုခမြို့တော်တခု ။ နှစ်ကာလပေါင်းများ အတောင်တပ်ပျံဝဲလို့ ရွှီရောင်ခင်း စိုက်ခြင်းရို့ခမျာ ဓမ္မနန့်ပေါင်းဖက် သီလနန့်မွိလျော်ကတ်လီရေ။ ယင်းပိုင် ဒေါသ မောဟ ဆုတ်ခွာရာ ဗျာဒိတ်ပန်ကုန်သည်ရို့ ချစ်ခင်ခြင်း၊ စည်းလုံးခြင်း၊ ညီညွတ်သောမေတ္တာကြောင်း မမြင်နိုင်ရေ လျှို့ဝှက်ချက်တိနန့်။ သူရို့တိစွာ မွီးဖွားခြင်းနန့် ရှင်သန်ခြင်းကို နားလည်ကတ်တေ။ ပြီးကေ ပန်းသံစိုင်ကိုးပါး၊ ရွှက်မညှိုးအိပ်မက်ပြခန်းတခုလေ့ ပါရေ။

အမှန်အားဖြင့် သန့်ယှင်းသောရိုးသားခြင်းဆောင်ရာမာ ပီတိဝီသယံဇာတများ ဖွံ့ဖြိုးမှုကိုယ်စီက အံ့မခန်းနိုင်ခကတ်။ မပြောပြလောက်အောင် ထူးဆန်းခြင်းစုံလို့ လေးဖက်လေးစီးထဲများပြားခ ဇောတိကအပယ်အလျှုံနန့် ကရုဏာအနန္တများစွာ။ မှတ်သားလောက်ပါရေ။ ပေါ်တူဂီးဘုန်းကြီးငှမှတ်တမ်းမာ ဘယဆီးလေ့ အကျော်အမော်တခု ဖြစ်ယင့်။ လက်ညိုးထိုးမဖောက်တေ စည်းစိမ်ဥစ္စာ။ လက်ညိုး

ထိုးမဖောက်တေ ပြဿလွှန် ကျုံးတတိုင်းတည်တုံ့ပုံအရ ပတ္တမြားရနာမြီးပင် မဟုတ်လား။ ယင်းပိုင် ယင်းပိုင် မုဒိတာအပြည့်နန့်တစိမ့်စိမ့် အဝလွှန်ထင်ရှားခ သုခမြို့တော်စွာ ရိုးမင့် ဘုမ္မိနတ်သန်မာ ဟိရေ။ ဒဏ္ဍာရီလေ့ မဟုတ်။ သံသယမှားဖွယ်ရာလေ့ မဟိ။ လုပ်ကြံဖန်တီးရေ ကောလ ဟာလလေ့ မဟုတ်။ တူးဖော်ကြည့်စရာမလိုအောင် တောက်ပနီယင့်ယေ။ ။။

## စက္ကန့်တခု ပုံရိပ်

ဖြစ်ရပ်တခုသဏ္ဍာန်နန့် တမိုးသောက်လုံးလုံး

မျှော်ငေးတတ်ခရေ
လက်ပါးစေရာဂ အလျှင်လို အလိုက်မသိခြင်းတခုလား
သုံးခါနွမ်းကိုယ်လုံးစွာ
ဆည်ဆာကိုအဖော်ညှိ အိပ်တန်းဝင်တတ်ခ။

ကိုယ့်အစာသူရှိ့ကြိုက်မှန်း သိစရာမလိုယောင်
တဇွတ်ထိုးဆိုမှ တဇွတ်ထိုး
ရီစက်တခွက် ဖန်ပါရမီကို
ဆုံးချင်းဖောက်မြှားတစင်းပိုင် ယုံကြည်အားကိုးလို့
ရီဗဝဲအကျမာ အဆန်တက်ကြည့်ရေ
ဒေပင်လယ်အသက်မဲ့မှုထဲ ဘဝတခန်းစာတီးလုံးတိ
ရပ်တန့်လား။

သုညကမ္ဘာမှာ မုံပွင့်ခရေ စက္ကန့်လိုအင်တိ
လီနုတအီး တယ္ဂိုက်စာပတ်စီ
ဝါကြင်းကြင်းအရောင်ကို မိတ္တူမကူးနိုင်ခကတ်
ကျသင့်ငွီယှင်းဖူးခစွာပင် သခ်န်းစာတခုတော့ ရယင့်။

စိုစိုစွတ်စွတ် အနားချော်ထောင့်တနီရာက
လောဘနန့်ပေါင်းဖက်သော အတ္တိမခြီရာတိ
ပိုင်သျှင်ကို စာလုံးမပေါင်းတတ်ရုံကလွဲကေ
အခြားသော သက်ဟိသက်မဲ့အားလုံးငှ ဆရာသခင်စွာ
သူယေ။ ။

## မှီးပွိုင့်

လိုက် ဖက် တေ ဆို ရဖို့လား Grammer
အကျက်လွန် ဘောင်တခုအတွင်း
မိတ်ဆက်ကြည့်ခရုံသက်သက်နန့် . . .

ဆုပ်လက်သီးတလုံးစာခန့် ထိုအမြင့်တနီရာသို့
ပစ်တင်ကြည့်လိုက်တေ
လားပုံ လာပုံ အထောက်ကူစာတမ်းငယ်ချေတခုလောက်
သနားခွင့်မကြုံခ
ကျပ်အားလျော့မှုလီတလုံးပိုင် ကဒ်အမာကဆယ်ဆပင်နွှမ်း
လို့
အလံထူတွက်ဂိမ်းများ ဥပါတ်တွင်ပြည်တည်နီခယင့်။

ဖိတ်စာတလိပ်မာ ထောက်ကြည့်ခမှင်တစက် ငြီတခြား

လက်တခြား
တမျိုးပြောင်းခေါ် ကြည့်မေ
ရပ်စောက်ထထိုင်ဖို့ တစချေလောက်မျှပါ
ပီးနိုင်စွာထက်ပိုလို့ ကျေးဇုဆပ်ပါမေ ယုံပါ
အတက်လီချဉ်ငှလပြည့်ဖြားမာ ကစ္စပမြစ်ရီတိ လုံးလုံး
ပါလားရေ။

အဝါသန်းစိတ်တခင်းလုံး မလဲဖြစ်သိရေ
ခေတ်ကြိုးတချောင်းလိုနီ
ဘယ်သန်အလီးထားခြင်းတိ
လမ်းကြုံလို့တက်လိုက်ခဆိုလေ့ ဖြစ်ယင့်
ငြိမ်းချမ်းရီးမဆန်ခ အငတ်လွန်ငြင်းဆန်ခြင်းနန့်
ငယ်ပြန်လှည့်ခရ။

စေတနာသံစူးချွန်မြမြထက်
မျိုးသီမျိုးသတ် လှောင်မှောင်ခ ဒဏ်ရာပွားဖွဲနန့်
တခါပြန်နင်းဖော်လို့ ချီတက်ပါလတ်တေ
လှမ်းမြင်သလောက် အာဏာရအဆုံးအမက
ဖြတ်သန်းလားလာခြင်း မပြုလတ်
တလျှောက်လုံး ပီယဝါစာမဆိုတတ်ခရေ နီရဲရဲကြီးတိ
နိုင်ထက်များနီလို့။ ။

## စည်းအလွန် ကံ

ကောက်ဖွင့်ကြည့်လိုက်ခါ
အားနာခြင်းများတွန့် ဆုတ်နီတတ်ခ
အာဟာရနှိုက်ကျားတကောင်နှ ကိုယ်ပိုင်တောစပ်မာပယေ။

စကော့တာလန်ယင့် အမြောက်ချိန်းသံကို ဓမ္မနန့်
စီးဖြန်းချင်ခရေ
ပြန်မရုပ်သိမ်းတတ်တေ လတ်ပြမှုတိုင်းမာ သတိကိုရှို့ချလို့
ပီကာဆိုလှည့်ကွက်ထဲ နံရိုးသုံးဆယ့်ခြောက်ချောင်း
ဘုရားဖူးထွက်လာ
တလိပ်လိပ်မီးခိုးနန့်ဖြတ်မောင်းခ တဖက်သတ်သူ့အကြံမာ
နှိုဦးပေါက်စတိပါရေ။

ကွန္ဒြေမရ လုံးထွီးလားရခြင်းများစွာနန့်
နယ်နိမိတ်ကြမ်းတမ်းမှုအချို့လား
ကြေးစားခန္ဓာနန့်လူရာဝင်ချင်သော ဒေနဂါးငွိတန်းအား
မစပါအသျှင်
ဆောင်းမွိရခြင်းများလို့ ဆီးလမ်းကြောင်းမမှန်ရေ
သွီးပိုနာအတွက်
သာမိုမီတာတချောင်းစာလောက်ဆိုလေ့ ဖြစ်ယင့်။

ရှင်လျှက်ကျန်ရစ်ဖို့ မိသားစုထရံမာ
စျာပနကျင့်ဝတ်တိ မလိုချင်

မှုတ်ထုတ်လိုက်တေသူ့ကိုယ်လုံးထဲ နားကြားလွဲလာရေဝဋ္ဋ်တိ
ဖက်မမီနိုင်ခ
အစင်းအကြောင်းတိများလှာရေသိုင်ခေါင်လွန်ကွန်ဆာဖေးတစ်ထဲ
စည်းအလွန်ကံကိုကျည်း ထမ်းပို့နီရတုန်း။ ။။

## ညီမျှသော ချင်ခြင်းသင်္ကေတ

အဆင်မပြေလို့ကားမဟုတ်ယေ။
ဘဝတခုက ဘဝတခုကို ခွဲစိပ်ကတ်တေခါ
နီရောင်ခြည်လေ့လိုအပ်ဖို့။

တလံလားရဖို့ခရီး တထွာနန့်တန့်ကတ်တေခါ
အကင်းပါးမိုးရိပ်တိ နောက်ကြောင်းပြန်မြီကြီးနမ်းယှိုက်လို့
မေထုန်ပြန်လောကမာ အခိုးအနံ့တိ
များများ စားစား မဟုတ်လား။

ဉယျာဉ်မှုတိုင်းပန်းများကို မွီးပြန့်သင်းထုံလိုကတ်တေ
ယေလေ့ . . .
အငတ်လွန်တဏှာစီးကြောင်းထက် အလိုပါ
မျိုးရှင့်ကတ် တေခါ
အရှိနီတစင်းလက်ခုပ်သံကို မတုံ့ပြန်နိူင်ကတ်စွာ
သာဘဝကား မဟုတ်ယေ။

ယင္းပိုင္ပ်ာယေ
အသိၿခိဳခ်စ္ျခင္းတရားႏွ မေတၱာေတာ္တိ
အေရာင္တလက္လက္မ်က္ဝန္းနန္ ပီးစြမ္းတတ္ၾကင္နာမႈတိ
ကရုဏာစိတ္လားရာထဲ ကပ္ပါေသာ ယုယမႈတိ
တမႈင္ခ်င္းဆက္လို႔ ရစ္ႏြယ္ကတ္အၿပဲးထင္ သံေယာဇဥ္တိ
ကမၻာသစ္တခုထဲ ေပါင္းစည္းကတ္ေတခါ
ကိုယ္ရဲ႕အသက္ကို ျပန္ယူရစြာေလာက္ ခါးစြာမဟိဆိုေက
ေတမိေလ့ ရယ္မိဖို႔။

ယေနန္ေလ့ ခ်စ္သူ . . .
ကာလေပါင္းမ်ားစြာ ကိုယ့္ကိုကိုယ္ထုဆတ္နီရစြာ
စစ္မွန္ေသာခ်စ္ျခင္းႏွသေကၤတကို ရွာဖို႔ျခင္းရာျဖစ္ေတ။
။။

၂၂,၇,၂၀၁၆

## တလွဲ

စရာရည်ရွယ်ချက်အဆုံးသို့ မလွဲဆိုမလွဲ
တိုင်းဖောက်သမျှ မောင်းကာစွန်းထိချုပ်တိုက်ဆင်းလားရ
ဆန်းသစ်လို ရပ်မနောင်းခြင်းတိ
တခါတခါစွပ်ချင်းတူ ပြည်တန်းဆာဖြစ်ရယင့်။

ပိုင်သျှင်အစစ်ကိုထာဝရဘုရားမာအပ်နှံဖို့ဝေါဟာရစုကြည့်တိုင်း
အထူသန်လွန်လွန်ကျူးကျူး ကောက်ကြွီတိပွားများလို့
ဝဏ္ဏတလုံးကိုးကားပြစရာမဟိအောင် အအီးခေတ်စုံနီခ
မိုက်ကြည့်ကြည့်ဖို့တက်စား အတိမ်အစောင်းမလို့လို့
မိုက်ခွဲခွဲဖို့ပျင်ခါ
အဖြစ်က ဒေပိုင်ရောစွပ်ဖို့တန်ယင့်လားလတ်။

တမျှော်တကိုးနန့် ဒေအိမ်ကမုတ်ဆိုးမဆန်ရေ
အစောင့်အရှောက်များလို့ ဟုတ်ဖို့လားအမီးကို

ဖြေစရာမလိုမနား
အဖက်ဖက်ကမရွတ်ကင်းနိုင်ရေလင်ပါသားအဖြစ်ကို
စွန့်ရွတ်ချင်ခရေ
အကြောပါမကျန် အဂေါင့်စွန့်ရွတ်လို့ရဖို့လား ဆြာကြီး
ဝါကြီး အဘာကြီး
ပိဿပိုတန်ချိန်တိ ဘာဝနာပွားတတ်ကေကောင်းဖို့။

ပညာသားပါပါနန့်မိုးလောက်မြင့်ရီတံစိုရွဲရွဲတိ
ဝိဘတ်ကောက်ကြောင်းတနီရာစာခန့် ရွတ်ကျန်
ဖာထီးခွင့်မပီး
တန်းတလျှောက်လုံးဘေးကျပ်နံကျပ်နန့်
သုဘရာဇာမျှားရုံကလွဲကေ
Alpine ဗူးထဲ ဒုတိယကမ္ဘာစစ်တခုလုံး
ခေါက်တုံ့ခေါက်ပြန်နန့်ယေ။ ။

# ထို့ကြောင့် ယစ်သည်

လွန်ခရေနှစ်အင်တန်က ပင်လယ်လီတပေါက်ပင် မယှူယှိုက်
ခရ။ လက်ရီးခြစ်ပီရက်ချုပ်ထက် ကျားကျားကြီးအဓိပတိတ
လုံးစွာ နက္ခတ်ပညာသျှင် ယောင်မိခလီလား မပြောတတ်။
ဖနောင့်လှုန်သုတေသနလုပ်စရာမလိုယောင် အတင်းလိုက်
ကပ်နီသော တိတ္တယလိပ်တကောင်နှဆွဲငင်မှုထဲ အပြောသ
က်သက်လို့ထင်ခရေ ငရဲကိုလေ့တွိယင့်။ မီးလင်ဖိုတခုအ
တွက် မွီးစပ်ပီးလိုက်တေဖီလင်တိ ဒုက္ကူလနန့်ပါရိကာထက်
ဆိုးလို့။ ဖြည့်စွက်ရာမျှား ခလုံးသတ်မှောက်လဲ။ နားလည်ပီး
ဖို့ငြင်းဆန်ပါလတ်တေ ဒေအရိုးအဆစ်အတွက် တတိယမွိ
ကျည်ကာခြုပ်ဝတ်ရ။ အဆင့်ဆင့်လှမ်းမမြင် ကွယ်အား
ကောင်းခြင်းထဲ အလုံးလိုက်ထွက်ကျခမျှ ပြန်ကောက်ဖို့ခက်
တေ။ ဖြစ်စိုင်အချုပ်မာ သမာသပတ်ဆိုစွာ တမာခက်လား
လောက။ ပြန်းခနဲ့စိပ်လားတိုင်း ကေကျယ်အနောက်စူးစူးစွာ
ပရမတ်ပါသော အုပ်ထိန်းသူဖြစ်ခ။ သကြွန်အတက်မာ အုံး
ညွှန့်သပြီနန့် ဆံရည်ချိုညွှန့်ပေါင်းရည်ရွှယ်ချက်တိ တတော
င်တထွာဖြစ်စီ ရင်ကားလို့ အပြုံးတန်းမဆင်ခ။ အမှန်ဆို ခုန်
ကူးဖို့ လူကမျှောက်ဖြစ်ပါလတ်တေ။ အင်း မဟုတ်။ ဆင
ခြင်းဖို့သတိပီးချက်ထဲ ခရီးစိုင်တလျှောက် ကျေနပ်မှုကိုဖြဲ
ရှာတိုင်း တခါလေ့ပြုပျင်လို့မရရေ အောင်ခြင်းသျှစ်ပါးမာ
ဂဟိတ်သံမြင့်မြင့်နန့် ဒေဝဒတ်ပါရေ။ ယင်းပိုင် စုဆောင်းရ
အချက်အလက်ထဲမာ မတူညီမှုအချို့က ခွဲခြားခွဲခြားနန့် ဖြူ
ရွှရွှဆင်ခြင်တုံလေ့ ဦးကျိုးလိုင်ပဲလို့ မသာနန့်လှုနီခ။ မဆုံး

သောဇီဝခေါ်သံလေ့ ဂုဏ်တော်ပန်းနန့်လွဲလို့ နှစ်ပိုင်းကျိုး
ကျောင်းတက်လမ်းအတိုင်း အိမ်ပြန်ဖို့ခက်လှာရေ။ ဒယော

မလုံရေအရွယ်ထဲ ပွဲကိုင်သျှင်ဩဝါဒပီးမှတ်အရ တဘူတာနန့် တဘူတာက အပါးချေရာသားလတ်။ မြင့်မားခေါင်လွန်းသော မယူတောင်ထိပ်က နှီသောက်အင်းအိုင်ထဲ ပြီးမီးလောင်သတ္တဝါရို့ အီးချမ်းဖို့ ကိုယ်ပူစွာ သူမသိ၊ သူသိအောင်အနှိုင်းမဲ့စီးဆင်းပြ ကရုဏာစမ်းများ သောကကမ်းကပ်တေ ဒေလူသားအတွက် ပလို့လေ့ဖြစ်ပြရေ။ ညှိယင်းပြတ်လားရေတောတန်းရို့ခမျာ မီးသန့်စင်လောက်ယောင်မဝံ့ရေ အချင်းကတန်းလန်း။ တချက်ချက် တိမ်သယောင်နန့်နက်စောက်သော ကြည့်မမြင်ကမ်းထောင့်မှာ တိုင်ထက်အဓိပတိတလုံးကလွဲလို့ ခြုပ်ဝတ်သောကျည်ကာလေ့ လူသားဆန်ဆန် ထို့ကြောင့် မဆုံးယောင် ယစ်မူးနီယင့်ယေ။

## ဒေလှိုင်း

ကြေးမုံပြင်တချပ်ကို ထုခွဲကြည့်လိုက်တော
ယှင်းမကျင်းယှုပ်ထွီးမှုနန့် လိုင်တင်ခံရမှုအချို့လေ့ မြင်ရ
တဖန်
သဇင်ထယစ်သော ရှုထောင့်ကိုယ်စီကို လောကပါလ နတ်
သကြားလေ့ သိဖို့။
ဓမ္မပဒဇာတ်တော်ကို ခြီ မခြီတော့ခါ မသိ
မိုးလင်းကေ
ဦးဦးဖျားဖျားဆန္ဒထုတ်ဖော်သော ဝမ်းနည်းခြင်းများစုံလို့
လောင်နံ့နှစ်ဖက်မာ အေဒီ ရာစု ပလုတ်ကျခြင်းကို
ဇာဖွဲလေ့ လက်သမားမဟုတ်ခ။

ယင်းပိုင်
ဝမ်းကျောင်းသံသရာမာ ဝမ်းကျောင်းဖို့ထွက်အလာ
ဝိဥာဥ်မဲတကောင်ယက်ထုတ်သော ကျောက်အားနည်း
ဘောင်ဘင်လှိုင်းလုံးတိအဖို့
ဒေခွဆုံမာ အနုလက်မှင်တစက်နန့် အာကို ဆွဲ ဖြဲဖူးခယင့်။
။။

ဆက်လို့ကြိုးစားပါဦးမေ။

ဝံသ
၂၀၁၆ ခုနှစ် ဩဂုတ်စ်

၁၀၄ ဝံသ